မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၁၄)

တပေါစ တော် မင်္ဂလ မုတ္တမံ

ခြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း မြစ်ရေလွှဲပြီ

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း ရေလွှဲဥမင်ကို အဝေးမှ ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း
ဓာတ်ပုံ-မောင်မောင်

စာမျက်နှာဖွဲ့စည်းမှု
သန်းဇော် (မြန်မာ့အလင်း)

နေပြည်တော် ဇန်နဝါရီ ၂၁

နေပြည်တော် ပျဉ်းမနား၏ အရှေ့ဘက် ၂၆မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်တွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၁) တည်ဆောက်ရေးမှ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း၏ မြစ်ရေလွှဲခြင်းအခမ်းအနားကို လွန်ခဲ့သော ဒီဇင်ဘာ ၅ရက် နံနက်၉နာရီက အဆိုပါ စီမံကိန်းတည်ရာ၌ ကျင်းပခဲ့သည်။

တစ်ခဲနက်အားပေး

အစီအစဉ်အရ ရှေးဦးစွာ ဧည့်သည်တော်များသည် စီမံကိန်း၏ လက်ယာဘက်ကမ်းရှိ ယာယီမဏ္ဍပ်တွင် နေရာယူပြီးနောက် မင်္ဂလာအချိန် နံနက် ၉နာရီတွင် စီမံကိန်းရှိ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများက ပေါင်းလောင်းမြစ် လက်ဝဲဘက်ကမ်းနှင့်

စာမျက်နှာ ၈ ကော်လံ ၁ ●

ကွန်ကရစ်တံတားနှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဘုတလင်မြို့နယ် ကံသာကျေးရွာ၌ဖွင့်လှစ်

နေပြည်တော် ဇန်နဝါရီ ၂၁

စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် ကံသာကျေးရွာ ချောင်းကူးကွန်ကရစ်တံတား ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၂၀ရက် မွန်းလွဲ ၂နာရီတွင် အဆိုပါတံတားအနီး၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ အားကစားဝန်ကြီးဌာန

စာမျက်နှာ ၇ ကော်လံ ၁ ■

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းရေဝတီမှသည် ချင်းပြည်နယ်နှင့် မန္တလေးတိုင်းသို့ အချိန်တိုအတွင်း ရာသီမရွေး၊ အချိန်မရွေး သွားလာနိုင်သည့် မဲဇလီတံတား

ရန်ကုန် ဇန်နဝါရီ ၂၁

နိုင်ငံတော်အစိုးရက ပြည်ထောင်စုတစ်ဝန်း ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းတံတားများကို တည်ဆောက်ပေးလျက်ရှိသည်။ ပုသိမ်-မုံရွာလမ်းတစ်လျှောက်၌ မြစ်ကူး ချောင်းကူးတံတားကြီးများကို တစ်စင်းပြီးတစ်စင်း တည်ဆောက်ဖောက်လုပ်ပေးခဲ့သည်မှာလည်း နိုင်ငံတော်၏ စေတနာအမှန်ကို ဖော်ညွှန်းပြဆိုနေခြင်းပင်....။

ဖွံ့ဖြိုးတိုးတက်

၂၀၀၈ခုနှစ် ဇန်နဝါရီ ၂ရက်က မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ပုသိမ်-မုံရွာလမ်း(မြောက်ပိုင်း) မိုင်တိုင်အမှတ်(၁၃၆/၆)၌ မုန်းချောင်းကိုဖြတ်ကျော်၍ တည်ဆောက်ပြီးစီးခဲ့သည့် မဲဇလီတံတားကို ဖွင့်လှစ်ပေးခဲ့ရာ ယခုအခါ ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာခဲ့ပေပြီ။

စာမျက်နှာ ၇ ကော်လံ ၁ ✻

သတင်းမှတ်စု
နုနုရီနှင့်
အေးသန္တာသိန်း

ဓာတ်ပုံမှတ်တမ်း
မြန်မာ့အလင်း

စာမျက်နှာဖွဲ့စည်းမှု
ဉာဏ်ဖြိုး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၂ ရက်)

ပြည်ထောင်စုကြီးဖွံ့ဖြိုးရေး ဘက်စုံကဏ္ဍစုံက ထုထောင်ပေးနေ ရေရှည်အကျိုးဖြစ်ထွန်းရန် မျိုးဆက်သစ်များ ဝိုင်းဝန်းဖော်ဆောင်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် ဘက်စုံကဏ္ဍစုံမှ အကောင်အထည်ဖော်လျက်ရှိရာ နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်သည့် အခြေခံကောင်းများကို ဘက်စုံကဏ္ဍစုံမှ ထုထောင်ပေးလျက်ရှိသည်။ နောင်လာနောက်သားများအတွက် အခြေခံအမွေကောင်းများရရှိစေပြီး နိုင်ငံနှင့်ပြည်သူများ ဖွံ့ဖြိုးရေးအတွက် ဆက်လက်သယ်ပိုး ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်၍ ယခုကဲ့သို့ ကြိုးပမ်းတည်ဆောက်ပေးနေခြင်း ဖြစ်သည်။

ဤသို့ ကြိုးပမ်းရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလေးထားဖော်ဆောင်ပေးလျက်ရှိရာ ပြည်ထောင်စုကြီး၏ နယ်မြေတစ်ခုနှင့် တစ်ခုအကြား ကွာဟချက်များ လျော့နည်းကျဆင်းပြီး ဒေသအားလုံး မျှမျှတတ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်နှင့်အမျှ အောင်မြင်မှုများကို တိုင်းရင်းသားပြည်သူများ သိရှိခံစားနေကြရပြီ ဖြစ်သည်။

နိုင်ငံတော်တစ်ဝန်းလုံးတွင် ဆည်တမံများ၊ မော်တော်ကားလမ်းများ၊ မီးရထားလမ်းများ၊ မြစ်ကူးတံတားကြီးများ၊ ရေအားလျှပ်စစ်စက်ရုံများ၊ စက်ရုံအလုပ်ရုံများ ဖြစ်ထွန်းလာခဲ့ပြီ ဖြစ်သည်။

နိုင်ငံအတွက်အားထားရသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးမည့် တက္ကသိုလ်ကောလိပ်များ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် အဆင့်မြင့်ဆေးရုံကြီးများ စသည်တို့သည် မည်သည့်ခေတ်၊ မည်သည့်အခါနှင့်မျှ မယှဉ်သာအောင် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

တပ်မတော်အစိုးရလက်ထက်တွင် ၁၉၈၈ ခုနှစ်မှ ယခုအချိန်အထိ ဆည်တမံ ၂၁၇ခု၊ မြစ်ရေတင်စီမံကိန်း ၃၂၂ခု တည်ဆောက်ပေးနိုင်ခဲ့သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် မြှင့်တင်တည်ဆောက်ရာ၌ လိုအပ်ချက်များပြားသည့် ဒေသများကို အလေးထားမြှင့်တင် ဆောင်ရွက်ပေးနေပြီး တိုင်းရင်းသားဒေသခံများ ဖွံ့ဖြိုးတိုးတက်ရန်၊ ဆင်းရဲနွမ်းပါးမှု လျော့နည်းပပျောက်စေရန်၊ လူမှုရေးဘဝမြှင့်တင်နိုင်ရန် ဦးတည်ကြိုးပမ်းလျက်ရှိရာ၌ တိုင်းရင်းသားပြည်သူများအပိုင်းက ညီညာဖြိုဖြို လက်တွဲပါဝင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အလုပ်အမှုဆောင်များ၊ အလွှာအမှုဆောင်များ၊ ရန်ကုန်တိုင်း မြို့နယ်ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ၁၇မြို့နယ်မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ စုံညီအစည်းအဝေးကို ယမန်နေ့က ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် ဓမ္မဒါနလမ်း အမှတ်(၂)ဂီတအစည်းအရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အစည်းအဝေးတွင် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးမောင်မောင်လတ်က ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၀ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် ပတ်သက်၍ မှာကြားခဲ့သည်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးပြီး ယင်းမှာကြားချက်များအတိုင်း မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)နှင့် မြို့နယ်ဂီတအစည်းအရုံးကော်မတီများက လိုက်နာဆောင်ရွက်ကြရန်၊ မြန်မာနိုင်ငံဂီတအစည်းအရုံးအနေဖြင့် ဂီတအစည်းအရုံးဝင် သက်ကြီး ချို့တဲ့ပညာရှင်များအား ထောက်ပံ့နိုင်ရေး၊ တရားမဝင် ခိုးကူးခွေများနှင့် ပတ်သက်၍ နည်းလမ်းများ ရှာဖွေဆောင်ရွက်ရေး၊ ဂီတသင်တန်းများ ဖွင့်လှစ်ရာတွင် အဆင့်မီသော သင်ရိုးညွှန်းတမ်းများ သတ်သတ်မှတ်မှတ်ထားရှိ ဆောင်ရွက်ရေး၊ ဂီတအစည်းအရုံးဝင်အင်အား တိုးပွားလာရေးကို ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းဆောင်ရွက်ကြရန်၊ ဂီတလောက ဖွံ့ဖြိုးရေးအတွက် တီထွင်ဆန်းသစ်မှုများဖြင့် ဆောင်ရွက်ရာတွင် ဓလေ့စရိုက် ပျက်စီးထိခိုက်မှုများမဖြစ်စေရေး ဆောင်ရွက်ကြရန် စသည်ဖြင့် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၂-၁-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄း၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၅း၁၀ ၇။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၂။ ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးလူဆာ** (အပိုင်း-၁၅)
- ၆း၄၅ ၁၃။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော်တင်တဲ့မင်းသမီး** (အပိုင်း-၁၈)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ အနုပညာရှင်၏တစ်နေ့တာ
- ၁၉။ ကုန်သွယ်သုတ
- ၂၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၁၇)

ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ဆွေးနွေးမှာကြား

ရန်ကုန် ဇန်နဝါရီ ၂၁

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ဇန်နဝါရီ ၁၈ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း ခရမ်းမြို့နယ် အမှတ် (၇)ရပ်ကွက်ရှိ ဦးမြင့်အောင်(ခ)ဦးတိုး၏ စိုက်ပျိုးရေးခြံ၌ နဂါးမောက်သီး စီးပွားဖြစ် စိုက်ပျိုးအောင်မြင်နေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဝန်ကြီးသည် ခရမ်းမြို့နယ် ရွှေလှေကျေးရွာမှ တာဝန်ရှိသူများအားတွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးမှာကြားသည်။

ကျေးလက်ဖွံ့ဖြိုးရေး

ဆက်လက်၍ ဝန်ကြီးသည် ဘိုကလေးကျေးရွာ အခြေခံပညာ မူလတန်းကျောင်းခန်းမ၌ ခရမ်းမြို့နယ် အရှေ့ဘက်ခြမ်း မုန်တိုင်းသင့်ဒေသအတွင်း လှည့်လည်ကူညီ ဆောင်ရွက်ပေးလျက်ရှိသည့် Mobile Rural Development & Extension Team မှ တာဝန်ရှိသူများ၊ အုန်းပင်၊ ရေကျော်၊ ပလူ၊ အောင်ချမ်းသာနှင့် ဘိုကလေးကျေးရွာတို့မှ ဒေသခံပြည်သူများ၊ ရေလုပ်သားများနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် သဘာဝဘေးဒဏ် ကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်သွားမည့် အခြေအနေများကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဇန်နဝါရီ ၁၉ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း ပျဉ်းမပင်ရှိ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ဝက်မျိုးစစ်မွေးမြူရေးခြံ၌ ဘေးထွက်ပစ္စည်းမှ Bio Gas လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲမှု၊ ဝက်မျိုးစစ် ထိန်းသိမ်းမွေးမြူနေမှု တို့ကို ကြည့်ရှုစစ်ဆေးသည်။

သဘာဝမြေသြဇာထုတ်လုပ်မှု

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်ရှိ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၏ ဒိုက်ဦး ဝက်မွေးမြူရေးခြံနှင့် အစာစပ်စက်ရုံရှိ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများအား တွေ့ဆုံရာ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း အထွေထွေမန်နေဂျာ ဒေါက်တာပြည့်စုံက ဝက်မွေးမြူရေးနှင့် ဝက်အသား ကုန်ချောထုတ်လုပ်မှု အခြေအနေများ၊ သဘာဝဘေးထွက်ပစ္စည်းများမှ သဘာဝဇီဝမြေသြဇာထုတ်လုပ်မှု အခြေအနေများအား ရှင်းလင်းတင်ပြပြီး ဝန်ကြီးသည် ဝက်မွေးမြူရေးခြံ **(အပေါ်ပုံ)**နှင့် ခြံထွက်ပစ္စည်းအရောင်းဆိုင်၊ ဝက်အူချောင်းထုတ်လုပ်မှုအဆင့်ဆင့်၊ ဝက်ခြံ ဘေးထွက်ပစ္စည်းများမှ သဘာဝဇီဝမြေသြဇာထုတ်လုပ်နေမှုနှင့် သီးနှံပင်များ စမ်းသပ်စိုက်ပျိုးထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးသီးမြို့၌ ကလေးပြိုင်ပွဲ ဆုချီးမြှင့် ဝက်သက်နှင့် အသည်းရောင်ကာကွယ်ဆေးထိုးပေး

ကျေးသီး ဇန်နဝါရီ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ကျေးသီးမြို့နယ်တွင် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ဇန်နဝါရီ ၄ ရက် နံနက် ၁၀နာရီက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်ထွန်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသိန်းအောင်နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီနီအောင်တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ ကလေးပြိုင်ပွဲတွင် ဆုရရှိကြသူများအား မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ဆုများပေးအပ်ချီးမြှင့်ကြပြီး မြို့နယ်ဆရာဝန်ကြီးနှင့်အဖွဲ့က ကလေးငယ်များအား ဝက်သက်ရောဂါနှင့် အသည်းရောင်အသားဝါရောဂါကာကွယ်ဆေးများ ထိုးပေးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

ဇန်နဝါရီ ၁၇ရက်က အလက(၈) သာကေတ၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် ပညာရေးငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ငြိမ်းက ဆဋ္ဌမတန်း၌ ပညာရည်ချွန်ဆုရရှိသူ မသွဲ့သဇင်နိုင်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (ပညာရေး)

မြန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာများ၏ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

စွမ်းအင်ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၁

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ဇန်နဝါရီ၁၈ရက် နံနက်ပိုင်းတွင် မြန်အောင်မြို့နယ် ကနောင်မြို့ ကျက်ဆူတောကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းအကျိုးတော်ဆောင်များအား တွေ့ဆုံကာ အလှူငွေများ ပေးအပ်လှူဒါန်းပြီး ကနောင်မြို့ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးကာ ဆေးရုံဘက်စုံပြုပြင်ရန် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံ

ထို့နောက် ဒုတိယဝန်ကြီးသည် အိုးဘိုကျေးရွာ၌ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင် ရွှေ့ပြောင်းဆောက်လုပ်နိုင်ရေးအတွက် ကျေးရွာတာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းပြီး သရက်ပင်ဆည်ကျေးရွာ၌ သရက်ပင်ဆည်တံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကာ ကျေးရွာပြည်သူများအား တွေ့ဆုံသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် သပြေကုန်းကျေးရွာအုပ်စုအတွင်းရှိ သပြေပင် (မြောက်) အခြေခံပညာ မူလတန်းကျောင်းဆောင်ကိုလည်းကောင်း၊ သပြေကုန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ရွှေရတုကျောင်းဆောင်သစ် တည်ဆောက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ သပြေကုန်းအခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ မြို့နယ်နှင့် ကျေးရွာအုပ်စုများမှတာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ကျေးရွာပြည်သူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စများဆွေးနွေးမှာကြားကာ သပြေကုန်းတိုက်နယ်ဆေးရုံ၊ သပြေကုန်း အခြေခံပညာအထက်တန်းကျောင်း ရွှေရတုကျောင်းဆောင်၊ လန်တာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲနှင့် ဝန်လိုသိုက်ကျေးရွာအခြေခံပညာမူလတန်းကျောင်းတို့အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် သဲဖြူကျေးရွာသို့ ရောက်ရှိပြီး မမြချောင်းကူးသဲဖြူတံတားကို ကြည့်ရှုစစ်ဆေး၍ ကန့်ဘလူကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်လည်းကောင်း၊ အညာစုကျေးရွာအခြေခံပညာ မူလတန်းကျောင်းဆောင်သစ် တည်ဆောက်မည့်နေရာ၌ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်လည်းကောင်းတွေ့ဆုံကာ ဆင်ဘုံကျေးရွာ၊ ပန်းတိုးကျေးရွာ၊ အညာစုကျေးရွာအခြေခံပညာ မူလတန်းကျောင်းတို့အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ကညွှတ်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် အလှူငွေများပေးအပ်စဉ်။ (စွမ်းအင်)

ဆင်ဘုံကျေးရွာ

ထို့နောက် ဒုတိယဝန်ကြီးသည် ဆင်ဘုံကျေးရွာ အခြေခံပညာမူလတန်း ကျောင်းနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲကို ကြည့်ရှုစစ်ဆေးပြီး ကညွှတ်ကုန်းကျေးရွာ၊ ဖံကြွယ်ကျေးရွာနှင့် ဆင်လူးကျေးရွာတို့သို့ ရောက်ရှိကာ ဒေသခံပြည်သူများအားတွေ့ဆုံ၍ ကညွှတ်ကုန်းကျေးရွာ၊ မြေပြာသရက်ကုန်းကျေးရွာ၊ ဖံကြွယ်ကျေးရွာနှင့် ဆင်လူးကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် မူလတန်းလွန်ကျောင်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



နော်ဝေးနှင့်ဒိန်းမတ်နိုင်ငံတို့မှ ဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များအားတွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၂၁

နော်ဝေးနိုင်ငံ ပတ်ဝန်းကျင်နှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနဝန်ကြီး H.E. Mr. Erik Gudbrand Solheim၊ ဒိန်းမတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာနဝန်ကြီး H.E. Ms. Ulla Pedersen Tornaes နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ် အစည်းအဝေးခန်းမသို့ လာရောက်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း၊ ဒိန်းမတ်နိုင်ငံ ကြက်ခြေနီအသင်းကိုယ်စားလှယ်အဖွဲ့ရုံးတို့မှ တာဝန်ရှိသူများအားတွေ့ဆုံကြသည်။ **(အပေါ်ပုံ)**

ဆွေးနွေးတင်ပြ

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းနှင့် INGO အဖွဲ့အစည်းများ ပူးပေါင်း၍ မြန်မာနိုင်ငံရှိ မုန်တိုင်းသင့်ဒေသအချို့၌ ကျန်းမာရေး၊ လူမှုရေးအပါအဝင် လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

အာရှနိုင်ငံအချို့၏ ရာသီဥတုအခြေအနေ

စုစည်းတင်ပြသူ - မောင်ချစ်ကြည်

ရန်ကုန် ဇန်နဝါရီ ၂၁

အာရှနိုင်ငံအချို့၏ ဇန်နဝါရီ ၂၁ရက်က ဖြစ်ပေါ်ခဲ့သောရာသီဥတုအခြေအနေနှင့် နောက်နှစ်ရက်အတွက် ဖြစ်နိုင်ဖွယ်ရှိသည့် ရာသီဥတုအနေအထားများကို အင်တာနက်မှရယူကာ ဖော်ပြလိုက်ရပါသည်-

တရုတ်

တရုတ်နိုင်ငံတစ်ဝန်း၌ ဇန်နဝါရီ ၂၁ရက်က တစ်နိုင်ငံလုံး အအေးပိုခဲ့သည်။ မြို့တော်ပေကျင်းတွင် နေ့အပူချိန် ၅ဒီဂရီစင်တီဂရိတ်နှင့် ညအပူချိန် ၈ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ တရုတ်မြို့ကြီးဖြစ်သော ချန်ဒူး၊ ရှန်ဟိုင်းနှင့် ရှန်စီမြို့များတွင် သိသိသာသာ အေးခဲ့သည်။ တရုတ်နိုင်ငံ၏ နောက်နှစ်ရက်အတွက် ရာသီဥတုခန့်မှန်းချက်မှာ တရုတ်ကမ်းရိုးတန်းဒေသများ၌ မိုးအနည်းငယ်ရွာနိုင်ပြီး ပင်လယ်ပြင်၌ လေပြင်းများတိုက်ခတ်နိုင်သည်။ တရုတ်ကမ်းလွန်၌ လှိုင်းကြီးနိုင်ပြီး မိုးများရွာနိုင်ကြောင်း ခန့်မှန်းထားသည်။

တောင်ကိုရီးယား

တောင်ကိုရီးယားနိုင်ငံတွင် ဇန်နဝါရီ ၂၁ရက်က တစ်နိုင်ငံလုံးအအေးပိုခဲ့သည်။ နေ့အပူချိန် ၇ဒီဂရီစင်တီဂရိတ်နှင့် ညအပူအချိန်များ ရေခဲမှတ်အထိ ကျဆင်းခဲ့သည်။ တောင်ကိုရီယားနိုင်ငံမြို့တော် ဆိုးလ်တွင် နေ့အပူချိန် ရေခဲမှတ်အထိကျဆင်းနေပြီး ဆီးနှင်းများ ကျဆင်းခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တောင်ကိုရီးယားကမ်းလွန်ပင်လယ်ပြင်၌ တစ်နာရီမိုင် ၄၀နှုန်း လေပြင်းများတိုက်ခတ်နိုင်သည်။ တောင်ကိုရီးယားနိုင်ငံတောင်ပိုင်း၊ မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသများတွင် ဆီးနှင်းများ သိပ်သည်းစွာကျဆင်းနိုင်ကြောင်း ခန့်မှန်းထားသည်။

ပါကစ္စတန်

ပါကစ္စတန်နိုင်ငံမြို့တော် ကရာချိတွင် ဇန်နဝါရီ ၂၁ရက်က နေ့အပူချိန် ၂၇ဒီဂရီစင်တီဂရိတ်ရှိခဲ့ပြီး ညအပူချိန်မှာ ၂၅ဒီဂရီစင်တီဂရိတ်ရှိသည်။ တစ်နိုင်ငံလုံး ပျမ်းမျှအပူချိန်မှာ ၂၆ဒီဂရီစင်တီဂရိတ်ရှိခဲ့ပြီး ရာသီဥတုသာယာခဲ့သည်။ နောက်နှစ်ရက်အတွက် ရာသီဥတုခန့်မှန်းချက်မှာ နေ့ညအပူချိန်များ ဆက်လက်ကျဆင်းမည်ဖြစ်ပြီး တစ်နိုင်ငံလုံးနေရာအနှံ့အပြား၌ တိမ်ထူထပ်ဖွယ်ရှိသည်။ သို့သော် ပါကစ္စတန်နိုင်ငံမြောက်ပိုင်းတွင် မိုးအနည်းငယ်ရွာသွန်းနိုင်ကြောင်း ဖော်ပြထားသည်။

ဂျပန်

ဂျပန်နိုင်ငံတစ်ဝန်း၌ ဇန်နဝါရီ ၂၁ရက်က အအေးပိုခဲ့သည်။ ဂျပန်နိုင်ငံမြို့တော် တိုကျို၌ ဆီးနှင်းများ ကျဆင်းခဲ့ပြီး အပူချိန် ၅ဒီဂရီစင်တီဂရိတ်အထိ ကျဆင်းခဲ့သည်။ ဂျပန်နိုင်ငံမြောက်ပိုင်းဒေသများ၌ ညပိုင်းအပူချိန်များ ရေခဲမှတ်အထိကျဆင်းခဲ့သည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ဂျပန်တစ်နိုင်ငံလုံးတွင် အအေးပိုလာမည်ဖြစ်သည်။ ဂျပန်မြို့ကြီးများတွင် နေ့အပူချိန်များရေခဲမှတ်အထိကျဆင်းကာ ဆီးနှင်းများထူထပ်စွာကျဆင်းမည်ဖြစ်သည်။ အရှေ့မြောက်ဘက်မှလေအေးများ တစ်နာရီခြောက်မိုင်နှုန်း တိုက်ခတ်မည်ဖြစ်ပြီး ဟိုကိုင်းဒိုးကျွန်းနှင့် ဟွန်ရှူးကျွန်းတို့တွင် မိုးအနည်းငယ်ရွာနိုင်ကြောင်းသိရသည်။ ဂျပန်ကမ်းလွန်တွင် လှိုင်းအသင့်အတင့်သာရှိမည်ဖြစ်ကြောင်း ဖော်ပြသည်။

နီပေါ

နီပေါနိုင်ငံတစ်ဝန်းတွင် ဇန်နဝါရီ ၂၁ရက်က တိမ်ထူထပ်ခဲ့ပြီး နေ့အပူချိန် ၂၂ဒီဂရီ စင်တီဂရိတ်ရှိခဲ့သည်။ တစ်နိုင်ငံလုံး သာသာယာယာရှိခဲ့ပြီး ညပိုင်းအအေးပိုခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြို့တော်ခတ္တမန္ဒူတွင် နေ့အပူချိန် ၂၅ဒီဂရီ စင်တီဂရိတ် ရှိမည်ဖြစ်ပြီး ညပိုင်းအပူချိန်၌ အပူချိန် ၁၅ ဒီဂရီ စင်တီဂရိတ်အထိ ရှိမည်ဖြစ်သည်။ မြောက်ဘက်မှ လေအေးများ တစ်နာရီ မိုင် ၂၀နှုန်း တိုက်ခတ်နိုင်သည်။ တစ်နိုင်ငံလုံးအနေဖြင့် တိမ်များဖြစ်ထွန်းကာ သာသာယာယာရှိမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ။

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

လှိုင်လင်၊ပင်လောင်းနှင့် နမ့်စန်တို့တွင် အေးမြဲအေးနေဆဲ

ရန်ကုန် ဇန်နဝါရီ ၂၁

ဇန်နဝါရီ ၂၀ ရက်က ကမ္ဘာ့နိုင်ငံများ၏ ရာသီဥတုအခြေအနေကိုဖော်ပြရပါက ဖိလစ်ပိုင်တစ်နိုင်ငံလုံးတွင် ပျမ်းမျှအပူချိန် ၂၉ ဒီဂရီစင်တီဂရိတ်၊ ဘရူးနိုင်းနိုင်ငံတွင် ပျမ်းမျှအပူချိန် ၂၇ဒီဂရီစင်တီဂရိတ်နှင့် ထိုင်းနိုင်ငံ၌ ပျမ်းမျှအပူချိန် ၂၀ ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။

ဇန်နဝါရီ ၂၁ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေကိုဖော်ပြရပါက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ကျန်ဒေသများ၌ အများအားဖြင့် သာယာခဲ့သည်။

ပျမ်းမျှအပူချိန်

ညအပူချိန်များမှာ မွန်ပြည်နယ်တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့သည်။ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်၌ ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ် ပိုခဲ့သည်။ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့်ညအပူချိန်များမှာ လှိုင်လင်မြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၂ဒီဂရီစင်တီဂရိတ်နှင့် နမ့်စန်မြို့၌ ၄ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်သည်။

သာယာမည်

ဇန်နဝါရီ၂၂ရက် **(ယနေ့)**ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများ၌ အများအားဖြင့်သာယာမည်ဖြစ်သည်။

ဇန်နဝါရီ ၂၂ရက် **(ယနေ့)** နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်ဖြစ်သည်။

တိမ်အသင့်အတင့်ဖြစ်ထွန်း

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

အင်အား အနည်းငယ်ရှိ မြေငလျင်လှုပ်

နေပြည်တော် ဇန်နဝါရီ ၂၁

ဇန်နဝါရီ၂၁ရက် မြန်မာစံတော်ချိန် ၈နာရီ ၁၄မိနစ် ၁၄စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်ဘက် ၈၅မိုင်ခန့် ကွာဝေးသော မြန်မာ့ပင်လယ်ပြင်ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ဒသမ ၇အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

အဆိုးရွားဆုံး စီးပွားရေးအကျပ်အတည်းအဆုံးသတ်ရေး ပြည်သူတို့ ဝိုင်းဝန်းကြိုးပမ်းကြရန် အိုဘားမား တိုက်တွန်း

ဝါရှင်တန် ဇန်နဝါရီ ၂၁

ဘားရက်အိုဘားမား (အောက်ပုံ)က ဇန်နဝါရီ၂၀ရက်၌ ပထမဆုံးသော လူမည်း အမေရိကန်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုကာ ရာထူးရယူပြီးနောက် သမ္မတဘဝ၏ လက်ထက်က သမိုင်းစာမျက်နှာကို ချက်ချင်းလှန်လိုက်သည်။

မကြာမီ မျိုးဆက်များလက်ထက်က အဆိုးရွားဆုံး စီးပွားရေးအကျပ်အတည်းကို အဆုံးသတ်ပစ်ရေးနှင့်တကွ နိုင်ငံတကာ၌ အမေရိကန်၏ဂုဏ်သိက္ခာကို ပြန်ဆယ်ရေး အမေရိကန်ပြည်သူများအနေဖြင့် ရိုင်းပင်း ဝိုင်းဝန်းကြိုးပမ်းကြရန် သမ္မတသစ် အိုဘားမားက တိုက်တွန်းဆော်ဩလိုက်သည်။

အာမခံ

အမေရိကန်စီးပွားရေး ဘဝသစ်ထူထောင်ရေးအတွက် မိမိအနေဖြင့် ရဲရင့်ပြတ်သားစွာ ဦးဆောင်အကောင်အထည်ဖော်မည်ဟုလည်း ၎င်းက အာမခံပြောကြားလိုက်သည်။ ထို့ပြင် အာရပ်ကမ္ဘာနှင့် ဆက်ဆံရာ၌ အပြန်အလှန်လေးစားပြီး နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းမှုကို အခြေခံကာ အနာဂတ်တွင် နည်းလမ်းသစ်တစ်ရပ်ကို ချမှတ်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သမ္မတအိုဘားမားက ထုတ်ဖော် ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

တောင်ကိုရီးယားနိုင်ငံတွင် နိုင်ငံခြားပို့ကုန် ကျဆင်းခဲ့မှုကြောင့် နိုင်ငံ တောင်ပိုင်း ဘူဆန်မြို့ဆိပ်ကမ်း၌ ကုန်သေတ္တာများ စုပုံနေသည်ကို ဇန်နဝါရီ ၂၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

စပိန်၌တိုက်လေယာဉ်နှစ်စင်း လေ့ကျင့်ပျံသန်းစဉ်ပျက်ကျ

မက်ဒရစ် ဇန်နဝါရီ ၂၁

စပိန်စစ်ဘက်မှ ဖုံးကြဲတိုက်လေယာဉ်နှစ်စင်းမှာ ဇန်နဝါရီ ၂၀ရက်က ပျက်ကျခဲ့ကြောင်း၊ လေယာဉ်မှူး သုံးဦးလည်း သေဆုံးသွားခဲ့ကြောင်း စပိန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ပျက်ကျ

စပိန် ကာကွယ်ရေးဝန်ကြီးဌာနက စပိန်နိုင်ငံ အရှေ့တောင်ပိုင်း အယ်ဘာကိတ်ပြည်နယ်၌ လေ့ကျင့်ပျံသန်းစဉ် ပျက်ကျခဲ့သည်ကို ထုတ်ဖော်ပြောကြားသော်လည်း ပျက်ကျရသည့် အကြောင်းအရင်းကိုမူ ထုတ်ဖော်ပြောကြားခြင်း မပြုခဲ့ပေ။

ယခုပျက်ကျခဲ့သည့် တိုက်လေယာဉ်မှာ ပြင်သစ်နိုင်ငံမှ ဝယ်ယူခဲ့သော တိုက်လေယာဉ်များဖြစ်သည်။

(အင်တာနက်)

တရုတ်နိုင်ငံအရှေ့ပိုင်း အန်ဟွေးပြည်နယ်တွင် တရုတ်နှစ်သစ်ကူးပွဲတော်အတွက် မီးပုံးများချိတ်ဆွဲထားသည်ကို ဇန်နဝါရီ ၁၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်ကာကွယ်ရေးကဏ္ဍတွင် ကူညီထောက်ပံ့ရန် အဆင်သင့်ရှိနေဟု ရုရှားက ထုတ်ဖော်ပြောကြား

ကဘူးလ် ဇန်နဝါရီ ၂၁

အာဖဂန်နစ္စတန်နိုင်ငံ၏ ကာကွယ်ရေးကဏ္ဍတွင် လိုအပ်သော ၎င်းနိုင်ငံ၏တပ်ဖွဲ့အား လက်နက်ကိရိယာများ ထောက်ပံ့ခြင်းဖြင့် အကူအညီပေးရန် အဆင်သင့်ရှိကြောင်း ရုရှားနိုင်ငံက ထုတ်ဖော်ပြောကြားသည်။

ယင်းအစီအစဉ်သည် အာဖဂန်နစ္စတန်နိုင်ငံသမ္မတ ဟာမစ်ကာဇိုင်း၏ တောင်းဆိုချက်ကို တုံ့ပြန်သည့်အနေဖြင့် ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်က ပြောကြားခဲ့သည်။

ကတိလွန်

ယင်းကဲ့သို့ အကူအညီတောင်းထားလင့်ကစား ၎င်းတို့အနေဖြင့် အမေရိကန်နှင့် နေတိုးဦးဆောင်သော တပ်ဖွဲ့များ ကတိလွန်ပြီးဖြစ်ကြောင်းလည်း အာဖဂန်သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

စစ်ပွဲများဆင်နွှဲ

ရုရှားတပ်များသည် ၁၉၈၀ပြည့်နှစ်များက အာဖဂန်နစ္စတန်နိုင်ငံကို တိုက်ခိုက်သိမ်းယူရန် စစ်ပွဲများဆင်နွှဲခဲ့ဖူးကြောင်း သတင်း၌ ဖော်ပြသည်။

(အင်တာနက်)

အေးမြသည့်ရာသီဥတုကြောင့် ထိုင်း၌ ပန်ဒါမျိုးပွားရေး အခွင့်အလမ်းပို

ဗန်ကောက် ဇန်နဝါရီ ၂၁

ထိုင်းနိုင်ငံမြောက်ပိုင်းရှိ ချောင်မီတိရစ္ဆာန်ဥယျာဉ်အတွင်း ပန်ဒါမျိုးပွားမှုမှာ အကြိမ်ပေါင်းများစွာ အထမြောက်အောင်မြင်မှုမရှိခဲ့သော်လည်း ယခုအခါ ပုံမှန်ထက်ပို၍ ရာသီဥတုအေးမြလာသဖြင့် ပန်ဒါမျိုးပွားမှုလုပ်ငန်း အောင်မြင်စေရန် အခွင့်အလမ်းသစ်တစ်ရပ်ဖြစ်ကြောင်း ဗန်ကောက်ပို့စ်သတင်းဝက်ဘ်ဆိုက်၌ ဖော်ပြပါရှိသည်။

မွေးဖွားပေးနိုင်

ယခုနှစ် ဆောင်းရာသီမှာ ပန်ဒါသားဖောက်ရန်အတွက် ကောင်းမွန်သော အခြေအနေဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့အနေဖြင့် ပန်ဒါသားပေါက်များ အောင်မြင်စွာ မွေးဖွားပေးနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း တိရစ္ဆာန်ဥယျာဉ်မျိုးပွားမှုဌာန အကြီးအကဲတစ်ဦးဖြစ်သူ ဆွန်ပွန်ဒူမျူက ပြောကြားသည်။

ပျော်ရွှင်

၂၀၀၃ခုနှစ်က တရုတ်နိုင်ငံမှချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် ပေးခဲ့သည့် ပန်ဒါလေးနှစ်ကောင်မှာ ချောင်မီတိရစ္ဆာန်ဥယျာဉ်အတွင်း ယခုကဲ့သို့ အေးမြသောရာသီဥတု၌ ၎င်းတို့မွေးဖွားခဲ့ရာ တရုတ်နိုင်ငံ၏ ရာသီဥတုနှင့် တူညီမှုရှိသဖြင့် ပိုမိုပျော်ရွှင်နေကြသည်။

လာရောက်ကြည့်ရှု

လေးနှစ်ကျော်ကာလအတွင်း ချောင်မီတိရစ္ဆာန်ဥယျာဉ်အတွင်းရှိ ပန်ဒါလေးနှစ်ကောင်အား လာရောက်ကြည့်ရှုသူ ၂ဒသမ ၃သန်းကျော်ရှိပြီး တိရစ္ဆာန်ဥယျာဉ်အနေဖြင့် ဝင်ငွေ ၃ ဒသမ ၃ သန်းကျော် ရရှိခဲ့သည်။ **(အင်တာနက်)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ဂျာဒင်ဒက်စ်ပလန်တက်စ် တိရစ္ဆာန်ဥယျာဉ်တွင် ဝီအမည်ရှိ နှစ်လသားအရွယ် ကျားသစ်ပေါက်စလေးတစ်ကောင် ဆော့ကစားနေသည်ကို ဇန်နဝါရီ ၁၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ဦးရေ ၄၂၂၈ ဦးရှိသွားပြီ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၌ လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ဇန်နဝါရီ ၁၉ရက်တွင် ကြေညာသည်။

ဘဂ္ဂဒက်မြို့တော်အရှေ့ပိုင်းတွင် ဇန်နဝါရီ၁၉ရက် ညဉ့်ဘက်က လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရပြီး ထိုဒဏ်ရာဖြင့်ပင် သေဆုံးခြင်းဖြစ်သည်။

အမေရိကန်ဦးဆောင်သည့် တပ်များ အီရတ်နိုင်ငံကို ၂၀၀၃ခုနှစ် မတ်လအတွင်းက ကျူးကျော်ဝင်ရောက်ပြီးနောက် အီရတ်နိုင်ငံ၌ သေဆုံးသည့် အမေရိကန် တပ်ဖွဲ့ဝင် စုစုပေါင်း ၄၂၂၈ ဦးရှိသွားပြီဟု ဆင်ဟွာသတင်း၌ ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အပျက်အစီး

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် လမ်းဘေးဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများအား ဇန်နဝါရီ ၁၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘဂ္ဂဒက်၌ကားဗုံးပေါက်ကွဲ၍ သုံးဦးသေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၂၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် အနောက်ပိုင်း၌ ဇန်နဝါရီ၂၀ရက်က အမေရိကန် လုံခြုံရေးယာဉ်တန်းအား ပစ်မှတ်ထားကာ ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ပျက်စီး

ဘဂ္ဂဒက်မြို့အနီး မန်ဆောဒေသ၌ အမေရိကန်စစ်ယာဉ်တန်း ဖြတ်သန်းသွားစဉ် ကားဗုံး ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ အမေရိကန်စစ်ဘက်ယာဉ်နှစ်စီးလည်း ပျက်စီးသွားကြောင်း ယင်းသတင်း၌ပါရှိသည်။

မီးလောင်ကျွမ်း

ယင်းဗုံးပေါက်ကွဲမှုမှာ ပြင်းထန်သဖြင့် မီးခိုးလုံးကြီးမှာ ကောင်းကင်သို့ တက်လာခဲ့ကြောင်း၊ အီရတ် အရပ်သားငါးဦးမှာလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အနီးအနားရှိ အရပ်သားပိုင် ကားငါးစီးခန့်မှာလည်း မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

သတင်းထုတ်ပြန်

ယင်းနေ့ နံနက်စောစောပိုင်းကလည်း အီရတ်လုံခြုံရေးတပ်ဖွဲ့အား ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့သော်လည်း တစ်ဦးမျှထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း မရှိကြောင်း၊ သို့သော် အခြားတိုက်ခိုက်မှုများ၌ အနည်းဆုံးခုနစ်ဦး ထိခိုက်ဒဏ်ရာ ရရှိသွားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်၌ ပါရှိသည်။ **(အင်တာနက်)**

အင်တာနက်ကျန်းမာရေး

မိဘများ အဝလွန်မှု သားသမီးများ၌ပါ ဖြစ်ပေါ်စေနိုင်ဟုဆို

မှားယွင်းသော စားသောက်မှု အလေ့အကျင့်များကြောင့် မိဘများ အဝလွန်ခြင်းဖြစ်ပေါ်သကဲ့သို့ သားသမီးများတွင်လည်း အဝလွန်မှုဖြစ်ပေါ်စေကြောင်း စပိန်သုတေသနပညာရှင်များ၏ လေ့လာသုတေသနပြုချက်တစ်ရပ်၌ ဖော်ပြထားသည်။

ဖော်ပြထား

အစားအစာများကို နေ့စဉ်ပုံမှန်စားသောက်ခြင်းမပြုဘဲ အကြိမ်ကြိမ်စားသုံးခြင်း၊ ခန္ဓာကိုယ်လိုအပ်မှုထက် ပိုမိုစားသောက်ခြင်းများကြောင့် အဝလွန်မှုကို ဖြစ်ပေါ်စေသည်ဟု ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

တွေ့ရှိရ

သားသမီးများ အဝလွန်မှုသည် မိဘများတွင် အဓိက ကျကြောင်း၊ အစားအစာများကို ချင့်ချိန်သတ်မှတ် ကျွေးခြင်း မပြုသော ကလေးငယ် ၅၀၀၀ကို သုတေသနပြုခဲ့ရာ ၉၀ရာခိုင် နှုန်းသော ကလေးငယ်များ အဝလွန်မှု ဖြစ်ပေါ်ကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

ရာခိုင်နှုန်း

ထို့အပြင် မိဘများ၏ အဝလွန်မှုသည် သားသမီးများတွင် ကူးစက်တတ်လေ့ရှိကြောင်း အဝလွန်သော မိဘ ၂၀၀၀ကို သုံးနှစ်ကြာ သုတေသနပြုခဲ့ရာ ၎င်းတို့၏ သားသမီး ရာခိုင်နှုန်း ၇၀သည် အဝလွန်မှုဖြစ်ပေါ်သည်ကိုတွေ့ရှိရကြောင်း သုတေသန ပြုချက်၌ ဖော်ပြထားသည်။

အရည်အသွေးမြင့် ရုပ်ပုံများ ရိုက်ကူးပေးနိုင်သည့် ဒီအမ်စီ-အယ်လ်အက်စ် ၈၅ ကင်မရာသစ်တီထွင်ထုတ်လုပ်

လက်ရှိအသုံးပြုနေသော ကင်မရာများထက် စွမ်းဆောင်မှု နှစ်ဆမြင့်မားသည့် ကင်မရာတစ်မျိုးကို ဂျပန်နိုင်ငံ ပင်နယ် ဆိုနစ်ကုမ္ပဏီက တီထွင် ထုတ်လုပ်လိုက်သည်။

ရိုက်နိုင်

ဒီအမ်စီ-အယ်လ်အက်စ် ၈၅ အမည်ရှိ ပင်နယ်ဆိုနစ် ကင်မရာသည် အေအေအမျိုးအစား ဘက်ထရီဓာတ်ခဲကို အသုံးပြုခြင်းကြောင့် ဓာတ်ပုံအရေအတွက် အနည်းဆုံး ၂၀၀၀ ခန့် ရိုက်ကူးနိုင်သည်။

ထို့အပြင် ဒီအမ်စီ-အယ်လ်အက်စ် ၈၅ ကင်မရာသည် မီဂါပီဆယ် ၈ဒသမ၁အထိ ထည့်သွင်းအသုံးပြုထားသဖြင့် ရုပ်ပုံများပြတ်သားခြင်း၊ ရုပ်ပုံထွက်ကောင်းခြင်းများကို အခြား ကင်မရာများထက် ပိုမိုကောင်းမွန်သည့် အရည်အသွေးမြင့် ရုပ်ပုံများထွက်ရှိအောင် တီထွင်ဖန်တီးထားသည်။

အသုံးပြုနိုင်

တဖန် ကင်မရာတွင် အသုံးပြု တပ်ဆင်ထားသော မှန်ဘီလူးမှာ လူမက်ဒီစီဗာရီရို အမျိုးအစားဖြစ်၍ ရုပ်ရှင်ကင်မရာ များ ဖြစ်သည့် ၃၃မီလီမီတာ၊ ၁၃၂မီလီမီတာ၊ ၃၅မီလီမီတာများ ကဲ့သို့ အသုံးပြုနိုင်ကြောင်း သိရသည်။ (အင်တာနက်)

နည်းပညာသိပွဲ

နိုင်ငံတကာ သတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊
တင်မာဝင်းနှင့် အေးသန္တာသိန်း

ကောင်းတယ်မဟုတ်လား....

ဘဝအမောပြေ

စားသောက်ဆိုင်တစ်ဆိုင်၌ သီချင်းသီဆိုဖျော်ဖြေနေသော တေးသံရှင်အမျိုးသားတစ်ဦးအား ဆိုင်သို့ လာရောက်စားသုံးသူ တစ်ဦးက အထူးအားပေးလျက်ရှိသည်။

စားသုံးသူ ။ ။နောက်တစ်ကြိမ်ဆိုပါဦး။
တေးသံရှင် ။ ။နောက်တစ်ကြိမ်သီဆိုလေသည်။ ပြီးလျှင်···
စားသုံးသူ ။ ။ထပ်ဆိုပေးပါဦးခင်ဗျာ။
တေးသံရှင် ။ ။ထပ်မံသီဆိုပေးပြန်လေသည်။ ပြီးလျှင်···
စားသုံးသူ ။ ။နားထောင်ကောင်းလွန်းလို့ တစ်ကြိမ်ထပ်ပြီး ဖျော်ဖြေပေးပါဦး ခင်ဗျာ။
တေးသံရှင် ။ ။နောက်တစ်ကြိမ်သီဆိုရပြန်သည်။ ထိုအခါ ဘေးစားပွဲမှလူတစ်ဦးက···
ဘေးစားပွဲမှလူ ။ ။နောင်ကြီးက ဒီတေးသံရှင်ကို အတော်ကြိုက်တယ်ထင်တယ်။
စားသုံးသူ ။ ။ကျွန်တော်က နားမကြားတဲ့သူပါ။ ဆိုင်ထဲကလူတွေအတွက် တောင်းဆိုပေးနေတာပါခင်ဗျာ···၊ ကောင်းတယ် မဟုတ်လား။
ဘေးစားပွဲမှလူ ။ ။'ဗျာ'

ထိုင်းနိုင်ငံ၏ သမိုင်းကြောင်းကို စေ့ငုရပါသော....

သတင်းအက်ဆေး

ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှ အင်ဒိုချိုင်းနားနှင့် မလေးကျွန်းဆွယ်ဒေသတွင် တည်ရှိသည်။ တောင်များ၊ အပူပိုင်းမိုးသစ်တောများနှင့် မြေပြန့်လွင်ပြင်များဖြင့် သာယာသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ၁၉၈၀ပြည့်လွန်နှစ်များအတွင်း စီးပွားရေးဖွံ့ဖြိုးတိုး တက်သည်။ ပြည်သူအများစုသည် စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများသို့ စုပြုံ တိုးလာကြသောအခါ လယ်ယာအခြေခံသည့်စီးပွားရေးမှာ ပြောင်းလဲလာခဲ့သည်။

ချစ်ခင်လေးစားမြတ်နိုး

နိုင်ငံတော်အကြီးအကဲမှာ ဘုရင်ဘူမိဘောအဒူယာဒက်ဖြစ်သည်။ဤနိုင်ငံသည် စည်းမျဉ်းခံဘုရင်စနစ် ကျင့်သုံးသည့်နိုင်ငံဖြစ်သည်။ ၁၉၄၆ခုနှစ် ဇွန်လတွင် ထီးနန်း တက်ခဲ့သည့် ဘုရင်ဘူမိဘောအဒူယာဒက်သည် ကမ္ဘာပေါ်၌ နန်းသက်အရှည်ကြာဆုံး အုပ်ချုပ်သည့် ဘုရင်ဖြစ်သည်။ တော်ဝင်မိသားစုကို ထိုင်းပြည်သူတို့က များစွာချစ်ခင် လေးစားမြတ်နိုးကြသည်။

သမိုင်းကိုကြည့်လျှင် ယနေ့တိုင် နိုင်ငံကိုအုပ်ချုပ်နေသည့် ချတ်ကရီမင်းဆက်သည် ၁၇၈၂ခုနှစ် ပထမရာမမင်းလက်ထက်တွင် စတင်ခဲ့သည်။ နိုင်ငံမှာ ယိုးဒယားနိုင်ငံဖြစ်ပြီး ဗန်ကောက်မြို့တော်သစ်ကိုတည်ထောင်ခဲ့သည်။ ၁၉၃၉ခုနှစ်ရောက်မှ နိုင်ငံအမည်ကို ထိုင်းနိုင်ငံဟုပြောင်းလဲလိုက်ခြင်း ဖြစ်သည်။

ကျင့်သုံး

၁၈၆၈-၁၉၁၀ပြည့်နှစ်တွင် ဘုရင်ချူလာလောင်ကွန်းလက်ထက်တွင် ယိုးဒယား နိုင်ငံ၏ အုပ်ချုပ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးကို ခေတ်မီစေရန် ပြုပြင်ပြောင်းလဲ ခဲ့သည်။ ၁၉၁၇ခုနှစ် ပထမကမ္ဘာစစ်ကြီးအတွင်းတွင် ဗြိတိန်နိုင်ငံ၏ မဟာမိတ်နိုင်ငံ ဖြစ်သည်။ ၁၉၃၂ခုနှစ်တွင် ပါလီမန်အစိုးရဖွဲ့စည်းခြင်းနှင့်အတူ စည်းမျဉ်းခံဘုရင်စနစ် ကျင့်သုံးသည်။ ၁၉၃၉ခုနှစ်တွင် ထိုင်းနိုင်ငံဖြစ်လာခဲ့သည်။

၁၉၄၁ခုနှစ်တွင် ဂျပန်တပ်များရောက်လာပြီး ဗြိတိသျှလက်အောက်ခံ မလေးကျွန်း ဆွယ်၊ စင်ကာပူနှင့် မြန်မာနိုင်ငံတို့သို့ ဆက်လက်ချီတက်ရန် စေ့စပ်ညှိနှိုင်းဖြတ်သန်း ခဲ့သည်။ ၁၉၄၂ခုနှစ်တွင် ဤနိုင်ငံက ဗြိတိန်နှင့် အမေရိကန်ကို စစ်ကြေညာသည်။ သို့သော် အမေရိကန်နိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးက စစ်ကြေညာချက်ကို အမေရိကန် အစိုးရထံပေးအပ်ရန် ငြင်းဆိုခဲ့သည်။ ၁၉၄၅ခုနှစ် စစ်ကြီးပြီးသွားသောအခါ လာအို၊ ကမ္ဘောဒီးယားနှင့် မလေးရှားတို့ထံမှ သိမ်းယူခဲ့သည့်နယ်မြေများကို ပြန်ပေးလိုက်ရ သည်။

တာဝန်ယူလိုက်

၁၉၄၇ခုနှစ်တွင် ဂျပန်လိုလားသည့် ခေါင်းဆောင်ဆွန်ခရမ်ဦးဆောင်ပြီး စစ်ဘက်က အာဏာသိမ်းသည်။ ၁၉၇၃ခုနှစ်တိုင်အောင် စစ်တပ်က အာဏာထိန်းထားသည်။ ၁၉၆၅ ခုနှစ် နောက်ပိုင်းတွင် ဤနိုင်ငံက အမေရိကန်စစ်စခန်းသုံးခွင့်ပေးလိုက်သည်။ ၁၉၇၃ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပသည်။ သို့သော် တည်ငြိမ်မှုမရှိသဖြင့် ၁၉၇၆ခုနှစ်တွင် စစ်တပ်က ထပ်မံ၍ နိုင်ငံတော်တာဝန်ကို ယူလိုက်ပြန်သည်။

ရွေးချယ်

၁၉၇၈ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲသည်။ ၁၉၈၀ပြည့်နှစ်တွင် ဗိုလ်ချုပ်ကြီး ပရင်တင်ဆူလာနွန်ဒါ အာဏာရသည်။ ၁၉၈၃ခုနှစ်တွင် စစ်တပ်ကရာထူးကို စွန့်ပြီး အရပ်သားအစိုးရကို ဦးဆောင်သည်။ ၁၉၈၆ခုနှစ်တွင် ပြန်လည်အရွေးချယ်ခံရ သည်။ ၁၉၈၈ခုနှစ် ရွေးကောက်ပွဲအပြီးတွင် ဝန်ကြီးချုပ်ရာထူးတွင် ဗိုလ်ချုပ်ကြီး ချတ်ချိုင်းချွန်ဟာဝန် အစားထိုးနေရာယူသည်။

၁၉၉၁ခုနှစ်တွင် ၁၉၃၂ခုနှစ်နောက်ပိုင်း၌ ၁၇ကြိမ်မြောက်အဖြစ် စစ်တပ်က အာဏာသိမ်းသည်။ အရပ်သားအာနန်ပန်ယာရချွမ်ကို ဝန်ကြီးချုပ်တာဝန်ပေးသည်။

၁၉၉၂ခုနှစ် မတ်လရွေးကောက်ပွဲတွင် အာနန်ကို ဗိုလ်ချုပ်ကြီးဆူချင်ဒရာကရာပရာယွန်နှင့် အစားထိုးသည်။ တစ်ဖန် အာနန်ကို ယာယီအစားထိုးသည်။ ထိုနှစ်စက်တင်ဘာ ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ချွမ်လိပိုင်ကို ဝန်ကြီးချုပ်အဖြစ် ရွေးချယ်သည်။

ရွေးချယ်တင်မြှောက်

၁၉၉၅ခုနှစ်တွင် ထိုင်းအမျိုးသားပါတီမှ ဘန်ဟမ်းဆီလ်ပါကို ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်သည်။ ၁၉၉၆ခုနှစ်တွင် ဘန်ဟမ်းအစိုးရ နုတ်ထွက်သည်။ ရွေးကောက်ပွဲတွင် ချာဗာလစ်ယောင်ချိုင်ယုဒ်အနိုင်ရသည်။ ၁၉၉၇ခုနှစ်တွင် ချွမ်လိပိုင် ဝန်ကြီးချုပ်ဖြစ်လာသည်။ ၂၀၀၁ခုနှစ် ဇန်နဝါရီရွေးကောက်ပွဲတွင် သက်ဆင်ရှင်နာဝပ် ရွေးကောက်ပွဲအနိုင်ရသည်။ ၂၀၀၅ခုနှစ် မတ်လရွေးကောက်ပွဲ၌လည်း မစ္စတာသက်ဆင် ဒုတိယအကြိမ် ရွေးချယ်တင်မြှောက်ခံရသည်။

ကျမ်းသစ္စာကျိန်ဆို

၂၀၀၆ ခုနှစ် စက်တင်ဘာလတွင် ဝန်ကြီးချုပ်သက်ဆင် ကုလသမဂ္ဂအထွေထွေ ညီလာခံတက်ရောက်စဉ် စစ်ဘက်ကအာဏာသိမ်းသည်။ အငြိမ်းစားဗိုလ်ချုပ်ကြီး ဆူရာယုဒ်ချူလာနွန်အား ယာယီဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။

၂၀၀၇ ခုနှစ် ဒီဇင်ဘာလတွင် အရပ်သားအစိုးရထူထောင်ရေးအတွက် ရွေးကောက် ပွဲကျင်းပသည်။ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလတွင် အရပ်သားအုပ်ချုပ်ရေးပြန်စရန် စမတ်စွန်ထော်ရဗ့် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

၂၀၀၈ ခုနှစ် ဇူလိုင်လတွင် သက်ဆင်ရှင်နာဝပ် အဂတိလိုက်စားမှု စတင်စစ်ဆေး သည်။ ထိုနှစ် ဩဂုတ်လတွင် သက်ဆင်ရှင်နာဝပ်သည် ဇနီးနှင့်အတူ ဗြိတိန်သို့ ထွက် ပြေးသည်။ ထိုနှစ် စက်တင်ဘာလတွင် ဝန်ကြီးချုပ် စမတ်စွန်ထော်ရဗ့်ကို ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ တရားရုံးက ဖယ်ရှားသည်။ ပါလီမန်က ဆွမ်ချိုင်းဝမ်ဆာဝပ်ကို ဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ်သည်။ ထိုနှစ် ဒီဇင်ဘာလတွင် ထိုတရားရုံးကပင် ဝန်ကြီးချုပ်ဆွမ်ချိုင်းဝမ်ဆာဝပ်ကို ရာထူးမှ ဖယ်ရှားခဲ့သည်။ အတိုက်အခံခေါင်းဆောင် အဘီဆစ် ထိုင်းဝန်ကြီးချုပ်သစ်ဖြစ်လာသည်။ ၎င်းသည် သုံးလအတွင်း ထိုင်းနိုင်ငံ၏ စတုတ္ထမြောက် ဝန်ကြီးချုပ်သစ်ဖြစ်လာသည်။ ။

နိုင်ငံတော်အကြီးအကဲမှာ ဘုရင်ဘူမိဘောအဒူယာဒက်ဖြစ်၊ ဤနိုင်ငံသည် စည်းမျဉ်းခံဘုရင်စနစ် ကျင့်သုံးသည့်နိုင်ငံဖြစ်၊ ၁၉၄၆ခုနှစ် ဇွန်လတွင် ထီးနန်းတက်ခဲ့သည့် ဘုရင်ဘူမိဘောအဒူယာဒက်သည် ကမ္ဘာပေါ်၌ နန်းသက်အရှည်ကြာဆုံးအုပ်ချုပ်သည့် ဘုရင်ဖြစ်၊ တော်ဝင်မိသားစုကို ထိုင်းပြည်သူတို့က များစွာချစ်ခင်လေးစား မြတ်နိုးကြ။

ကိုးကား-အင်တာနက်

တိုး ရေးသားသည်

တက္ကသိုလ်ဝင်တန်းစာမေးပွဲ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ရန်ကုန်တိုင်းမှ ကျောင်းသားကျောင်းသူများအား ဂုဏ်ပြု

ရန်ကုန် ဇန်နဝါရီ ၂၁

၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ သိပ္ပံဘာသာတွဲ၌ နိုင်ငံတစ်ဝန်းလုံးတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ရန်ကုန်တိုင်းမှ ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၉ရက် မွန်းလွဲ ၁၂နာရီခွဲက ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်အားပေး ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆုပေးအပ်

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများက ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ သိပ္ပံဘာသာတွဲ၌ နိုင်ငံတစ်ဝန်းလုံးတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ရန်ကုန်တိုင်းမှ ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းမှူးက ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး အောင်ချက်အကောင်းဆုံး ပထမဆုရရှိသော စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လေးမြင့်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်၍ **(အပေါ်ပုံ)** အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေး မူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

၂။ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက် ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး။

၄။ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

မိုးကောင်း ကုန်းတန်းကြီးကျေးရွာ စာကြည့်တိုက်ဖွင့်

မိုးကောင်း ဇန်နဝါရီ ၂၁

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကုန်းတန်းကြီးကျေးရွာ မိုးထက်ကြယ် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၂ရက် မွန်းလွဲ ၁နာရီ ၂၅မိနစ်ကကျင်းပရာ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်က စာကြည့်တိုက်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီးက မိုးထက်ကြယ် စာကြည့်တိုက်သို့ ၂၁လက်မ ရုပ်မြင်သံကြားပြစက်၊ ရှစ်ပေစလောင်းနှင့် ငွေကျပ်တစ်သိန်းလှူဒါန်းရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးလင်းနှင့် ကျေးရွာစာကြည့်တိုက်မှူး ဦးမောင်ညွန့်တို့က လက်ခံယူပြီး ဝန်ကြီးနှင့်အဖွဲ့က စာကြည့်တိုက်ကို လှည့်လည် ကြည့်ရှုကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီ ၁၂ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဂျိုးဖြူစုံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ၂၀၀၆-၂၀၀၇ နှင့်၂၀၀၇-၂၀၀၈ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ သူငယ်တန်းမှ သတ္တမတန်းအထိ ရှစ်နှစ်ဆက်တိုက် ပထမဆုရရှိသော မောင်ထက်ရဲဇော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမွန်က ပညာရည်ချွန်ဆု ချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

နတ်မောက် မြို့မဈေးကြီး မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

နတ်မောက် ဇန်နဝါရီ ၂၁

နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး အတွင်း၊ အပြင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုကို ဒီဇင်ဘာ ၂၉ရက် နံနက် ၁၁နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ဥက္ကဋ္ဌ ဦးသန်းကိုနှင့် အမှုဆောင်အရာရှိ ဦးကံချွန်၊ မီးသတ်ဦးစီးဌာနမှူး ဦးကိုကိုနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးဆောင်အဖွဲ့ဝင်များ၊ ရုံးဝန်ထမ်းများ၊ ဈေးသူဈေးသားများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ယာဉ်တစ်စီး၊ ကိုယ့်အားကိုယ်ကိုး အရန်မီးသတ်ကားတစ်စီး၊ အဖွဲ့ပိုင်ရေသယ်ယာဉ် တစ်စီးနှင့် မီးငြိမ်းသတ်မှုသရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။ **(အောက်ပုံ)**

(မြို့နယ်စည်ပင်)

အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး လှုပ်ရှားမှုဆိုင်ရာ အလုပ်ရုံဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၂၁

ကျန်းမာရေးဦးစီးဌာနနှင့် ယူနီဆက်ဖ်အဖွဲ့တို့မှပူးပေါင်းဆောင်ရွက်သော အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၃ ရက်နှင့် ၁၄ ရက်တို့က ပေါက်မြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

(ဝ၇ဝ)

လေဘေးကြောင့် ပျက်စီးသွားသည့် လျှပ်စစ်လုပ်ငန်းများ အချိန်တိုအတွင်း ပြန်လည်ထူထောင်နိုင်ရန် ဆောင်ရွက်ခဲ့သည့် ကုမ္ပဏီနှင့်လုပ်ငန်းအဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ရန်ကုန် ဇန်နဝါရီ ၂၁

လေဘေးကြောင့် ပျက်စီးသွားသည့် လျှပ်စစ်လုပ်ငန်းများ အချိန်တိုအတွင်း အမြန်ဆုံး ပြန်လည်ထူထောင်နိုင်ရန် ကူညီဆောင်ရွက်ခဲ့ကြသည့် ကုမ္ပဏီများနှင့် လုပ်ငန်းအဖွဲ့များအား အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီက ချီးမြှင့်သည့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၉ရက် ညပိုင်းက ရန်ကုန်မြို့ အလုံမြို့နယ်ရှိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ရုံးချုပ်၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားသို့ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊အလှူရှင်၊ လုပ်ငန်းရှင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်တို့က အမှာစကား ပြောကြားကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက်ဗဟိုကော်မတီအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ**(အပေါ်ပုံ)** ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးတို့က အလှူရှင် ကုမ္ပဏီများနှင့်လုပ်ငန်းအဖွဲ့များမှတာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အလှူရှင်များ ကိုယ်စား Diamond Dragon Co., Ltd.မှ ကုံကော်တောမျိုးအောင်က ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်

နေပြည်တော်ပျဉ်းမနား ဇန်နဝါရီ ၂၁

နေပြည်တော်ပျဉ်းမနား တပ်ပိုးရပ်ကွက် အမှတ်(၁၀၀)အခြေခံပညာမူလတန်းကျောင်း ပညာရေးစုံညီပွဲတော် ဆုရ ကျောင်းသူကျောင်းသားများနှင့် ပညာရည်ချွန်ဆုပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ရက်က ကျောင်းခန်းမ၌ကျင်းပရာ အခမ်းအနားကို မြန်မာ့ကျောင်းသီချင်းဖြင့် ကျောင်းသားကျောင်းသူလေးများက သံပြိုင်သီဆိုဖွင့်လှစ်ပြီး ကျောင်းအုပ်ဆရာကြီး ဦးစိုးလှိုင်နှင့် တာဝန်ရှိသူများက ဆုရ ကျောင်းသားကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(ဝ၉၃)**

■ *ရှေ့ဖုံးမှ*

ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ တိုင်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တံတားအလှူရှင်နှင့် လူမှုရေးအသင်းအဖွဲ့ဝင်တို့က ချောင်းကူးတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖွင့်လှစ်

ယင်းနောက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲကို ကျင်းပရာ တိုင်းမှူးက ကျောင်း(ခွဲ) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ ကျောင်းခန်းမ၌ တိုင်းမှူးနှင့် ဝန်ကြီးတို့က အမှာစကား ပြောကြားကြပြီး တိုင်းမှူးက ကျောင်းသုံး ဗလာစာအုပ်များနှင့် ဝန်ကြီးက ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးနှင့် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်ကြသည်။

တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ညနေ ၄နာရီတွင် မုံရွာမြို့ ပညာရေးကောလိပ်မှ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများအား တွေ့ဆုံအမှာစကား ပြောကြားကြပြီး တိုင်းမှူးက ဆရာ ဆရာမများအတွက် ဝတ်စုံစရိတ် ထောက်ပံ့ငွေ ကျပ်ငါးသိန်းနှင့် ဝန်ကြီးက အားကစားပစ္စည်းများကို ပေးအပ်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အခြေခံယာဉ်မောင်းသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ဖွင့်လှစ်သော အခြားအဆင့် တပ်ဖွဲ့ဝင်များ ယာဉ်မောင်းသင်တန်းအမှတ်စဉ်(၂/၂၀၀၈) ဆင်းပွဲကို ယမန်နေ့ မွန်းလွဲ၁နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) ၃၅ရပ်ကွက်ရှိ သီရိမြိုင်ယာဉ်မောင်းသင်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲတပ်ရင်းများကွပ်ကဲရေးမှူး ရဲမှူးချုပ်သန်းဟန် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

သင်တန်းဆင်းပွဲသို့ ရဲအရာရှိကြီးများနှင့် သင်တန်းသား ၅၆ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ လေးပတ်ကြာမြင့်ခဲ့သည်။ **(ရဲတပ်ဖွဲ့)**

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု ARSHA THAR INTERNATI ONAL Co., Ltd. ၏ ပံ့ပိုးကူညီမှုဖြင့် ဇန်နဝါရီ၂၄ရက် (စနေနေ့) မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဒေါက်တာတင်လတ် (MAT College) က လက်ရှိဖြစ်ပေါ်နေသော စီးပွားရေး အခြေအနေတွင် စွန့်စားမှုများဖြင့် တုံ့ပြန်နိုင်မည့် စီမံခန့်ခွဲရန်နည်းလမ်းများခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးကြွင်းမီးကျန်မရှိရန် ကျင့်ကြံသတိ အမြဲရှိ

✳ *ရှေ့ဖုံးမှ*

မဲဇလီတံတားကို လွန်တူးဘိုးပိုင် သံကူကွန်ကရစ်အုတ်မြစ်ဖြင့် တည်ဆောက်ပေးထားခြင်းဖြစ်၍ တံတားပေါ်တွင် ဘေလီကြိုးတံတား အရှည်ပေ ၄၀၀နှင့် ချဉ်းကပ်တံတားမှာ နှစ်လမ်းသွား သံကူကွန်ကရစ် အရှည်ပေ ၅၄၀ရှိကာ စုစုပေါင်းတံတား အရှည်ပေ ၉၄၀ဖြစ်ပြီး ယာဉ်တစ်စီးချင်း ခံနိုင်ဝန်မှာ တန်၃၀ဖြစ်သည်။

ရာသီမရွေး

မဲဇလီတံတားမှာ ပုသိမ်-မုံရွာလမ်းမကြီးပေါ်တွင် အဓိကကျသည့် တံတား တစ်စင်းဖြစ်သည်နှင့်အညီ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းတို့မှ ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်ကြီးများမှာ ဥသျှစ်ပင်-ပဒါန်း-ကဇွန်းမမှတစ်ဆင့် ချင်းပြည်နယ်နှင့် မန္တလေးတိုင်း ဒေသတို့သို့ ခရီးမိုင်အတိုဆုံးနှင့် ရာသီမရွေးဆက်သွယ်သွားလာနိုင်ပြီ ဖြစ်သည်။

လွယ်ကူလျင်မြန်

ထို့အပြင် မဲဇလီတံတားကြီးကိုအသုံးပြုကာ ပုသိမ်-မုံရွာလမ်းမကြီးအတိုင်း ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်းများသို့လည်းကောင်း၊ မင်းဘူး-အမ်းလမ်းမှ တစ်ဆင့် ရခိုင်ပြည်နယ်သို့လည်းကောင်း၊ ဧရာဝတီတံတား(မကွေး)ကို ဖြတ်ကျော်၍ ဧရာဝတီမြစ်အရှေ့ဘက်ရှိ တိုင်းနှင့် ပြည်နယ်များသို့လည်းကောင်း ဒေသထွက်ကုန်များ လွယ်ကူလျင်မြန်စွာ ရောင်းဝယ်ဖောက်ကားနိုင်မည်ဖြစ်သကဲ့သို့ ခရီးသွားပြည်သူများအနေဖြင့်လည်း ဒေသတစ်ခုနှင့် တစ်ခုအကြား အချိန်တိုအတွင်း ကူးလူးဆက်သွယ် သွားလာနေကြပြီဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် မှတ်တမ်းပြုလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း သဘာဝဘေး ဖောင်ပိတ်သတင်း

အင်ဒိုနီးရှား ဆင်ဂါကျွန်း၌မြေပြို ၃၂ ဦးသေဆုံး၊ နေအိမ်များပျက်စီး

ဂျကာတာ ဇန်နဝါရီ ၂၁

အင်ဒိုနီးရှားနိုင်ငံ စူလာဝေစီပြည်နယ် ဆင်ဂါကျွန်းတွင် ဇန်နဝါရီ ၂၁ရက်က မြေပြိုမှုဖြစ်ပွားရာ ၃၂ဦးသေဆုံးပြီး လူအချို့ ပျောက်ဆုံးလျက်ရှိကြောင်း အင်ဒိုနီးရှား အရာရှိများက ပြောကြားသည်။

ငလျင်လှုပ်ခဲ့

မြေပြိုမှုဖြစ်ပွားသည့်နေရာမှာ တာမာကို၊ တာဘူကင်အူတာရာနှင့် မင်ဂါနီတူ ကျေးရွာများ၌ဖြစ်ပြီး မိုးအဆက်မပြတ် သည်းထန်စွာ ရွာသွန်းခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ အဆိုပါအရပ်၌ ပြီးခဲ့သည့်နှစ်ရက်က ရစ်ချ်တာစကေး ၅ဒသမ၈ အင်အားရှိသော ငလျင်လှုပ်ခဲ့သေးကြောင်း ၎င်းတို့က ပြောကြားသည်။

မြေပြိုမှုကြောင့် နေအိမ်များပျက်စီးခဲ့ကြောင်း၊ ကျေးရွာသားများ အိပ်မောကျနေသည့် နံနက်စောစောပိုင်းအချိန်က မြေပြိုခြင်းကြောင့် သေဆုံးသူများပြားခြင်း ဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

ဗြိတိန်နိုင်ငံ လန်ဒန်မြို့မြောက်ပိုင်းဒေသများ ဆီးနှင်းများ ဆိုးရွားစွာကျဆင်း

လန်ဒန် ဇန်နဝါရီ ၂၁

ဗြိတိန်နိုင်ငံ လန်ဒန်မြို့မြောက်ပိုင်းဒေသများတွင် ဇန်နဝါရီ၂၁ရက်က ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့ကြောင်း၊ ဆီးနှင်းထုမှာ အချို့နေရာများ၌ အိမ်ခေါင်မိုးများနှင့် လမ်းမပေါ် ဖုံးလွှမ်းလျက်ရှိကြောင်း ဗြိတိန်နိုင်ငံမှ မိုးလေဝသဆိုင်ရာ အရာရှိများက ပြောကြားသည်။

အဆက်မပြတ်

အချို့နေရာများ၌ ဆီးနှင်းထု တစ်ပေခန့်အထိ ကျဆင်းခဲ့ပြီး မော်တော်ယာဉ်သွားလာမှု အခက်အခဲဖြစ်ရကြောင်း၊ ဆီးနှင်းများမှာ လွန်ခဲ့သည့်တစ်ရက်မှ စတင်ကာ အဆက်မပြတ် ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဇန်နဝါရီ ၂၁

IBTC အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ရက်ပြောင်းလဲ

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူးပြီး ၂၀၀၈-၂၀၀၉ မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ IBTC Open Golf Championships ရန်ကုန်ပွဲစဉ်ကို ဖေဖော်ဝါရီ၂၄ရက်မှ ၂၇ရက်အထိ ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကွင်း (တည်င်းကုန်း)၌ ကျင်းပမည်ဖြစ်သည်။

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်စည်းဝေးမည်

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ဘွဲ့ထူးရပုဂ္ဂိုလ်များ ဂုဏ်ပြုပွဲကို ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း ၃လမ်းထိပ်ရှိ စွမ်းအင်ဝန်ကြီးဌာနမဏ္ဍပ်၌ ဖေဖော်ဝါရီ ၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်သည်။

၂၀၀၈ ခုနှစ် ကုန်ပစ္စည်းတင်ပို့မှု လယ်ယာထွက်ကုန်အများဆုံး

မြန်မာနိုင်ငံမှ ထွက်ရှိသော ကုန်ပစ္စည်းများကို နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် ပြည်ပသို့တင်ပို့လျက်ရှိရာ ၂၀၀၈ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ကုန်ပစ္စည်းတန်ချိန် ၇၀၀၀၀ခန့် တင်ပို့ရောင်းချခဲ့ပြီး ယင်းတို့အနက် လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုသည် အများဆုံးဖြစ်ကြောင်း သိရသည်။

မထသ အထူးယာဉ်လိုင်းများ ထိုင်ခုံအရေအတွက်သတ်မှတ်

ရန်ကုန်မြို့တွင်း ပြေးဆွဲလျက်ရှိသော မထသအထူးယာဉ်လိုင်းများတွင် ထိုင်ခုံအရေအတွက်နှင့် အရွယ်အစားများကို တစ်ပြေးညီပြုလုပ်ကြရန် ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ စည်းကမ်း သတ်မှတ်ထားပြီး မလိုက်နာပါက အရေးယူမည်ဟု သိရသည်။

ကိုဆေးရိုးဝတ္ထုတိုပေါင်းချုပ် စာအုပ်ထုတ်ဝေဖြန့်ချိ

ပုဂံစာအုပ်တိုက် နှစ်ပတ်လည်အထူးထုတ်အဖြစ် ဆရာကြီး ဆင်ဖြူကျွန်း အောင်သိန်း၏ ကိုဆေးရိုးဝတ္ထုတိုများကို စုစည်းပြီး ကိုဆေးရိုးဝတ္ထုတိုပေါင်းချုပ်စာအုပ်ကို ထုတ်ဝေလိုက်ရာ ပုဂံစာအုပ်တိုက် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ဇန်နဝါရီ ၂၂ရက်မှ ၂၆ရက်အထိ ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ အင်းဝစာအုပ်တိုက်၌ ရောင်းချပေးလျက်ရှိသည်။

လှိုင်မြို့နယ် စက်မှု(၁) ဈေးရောင်းပွဲတော်

လှိုင်မြို့နယ် အားကစားကွင်းတွင် ဇန်နဝါရီ ၂၀ရက် နံနက်၈နာရီက အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲကျင်းပရာ အဆိုပါဈေးရောင်းပွဲတော်တွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန လက်အောက်ရှိ လုပ်ငန်းဌာနများမှ ထုတ်လုပ်သော ကုန်ပစ္စည်းအမျိုးပေါင်း ၃၃၅မျိုးကို ဇန်နဝါရီ ၂၆ရက်အထိ ရောင်းချပေးလျက်ရှိသည်။

ဘာသာရပ်အကြောင်းသိကောင်းစရာ ဟောပြောမည်

နည်းပညာတိုးတက်မှုမြန်ဆန်သော ကမ္ဘာကြီးတွင် သင်ယူသင့်သည့် ဘာသာရပ်များအကြောင်းနှင့် နိုင်ငံအသီးသီးတွင် ကြုံတွေ့နေရသော စီးပွားရေးအခက်အခဲကြောင့် နိုင်ငံခြားပညာသင်ယူမှုအပေါ် ရိုက်ခတ်မှုရှိမရှိ သိကောင်းစရာများကို ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ဇန်နဝါရီ၃၁ရက်၊ မန္တလေးမြို့ ဆီဒိုးနားဟိုတယ်တွင် ဖေဖော်ဝါရီ၁ရက်နှင့် တောင်ကြီးမြို့၌ ဖေဖော်ဝါရီ၃ရက်တွင် ကျင်းပမည်ဖြစ်ပြီး ရန်ကုန် ဖုန်း-၀၁-၂၅၀၂၂၅၊ မန္တလေး ဖုန်း-၀၂-၃၆၄၈၈နှင့် တောင်ကြီး ဖုန်း-၀၈၁-၂၃၅၀၂တို့သို့ စာရင်းပေးသွင်း၍ တက်ရောက်နိုင်ကြောင်း သိရသည်။

၂၀၀၈ ခုနှစ်အတွင်း ယာဉ်မတော်တဆမှု ၆၆၂မှု ဖြစ်ပွားခဲ့

*၂၀၀၈ခုနှစ်တွင် ရန်ကုန်နယ်နိမိတ်အတွင်း ယာဉ်မတော်တဆမှု ၆၆၂မှု ဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါ ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူ ၁၅၃ဦး၊ ဒဏ်ရာရသူ ၁၁၇၇ဦးရှိကြောင်း ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ ထုတ်ပြန်ထားသည်။ ၂၀၀၇ခုနှစ်က ယာဉ်မတော်တဆမှုထက် လျော့နည်းခဲ့ကြောင်း သိရသည်။ ။ **(မြန်မာ့အလင်း)***

စုစည်းရေးသားသူ-ဝင်းကျော်

● *ကျောဖုံးမှ*

ရှင်ဒေါင်ဟန့်ရဲ့ "Winter Sonata" အမည်ရှိ ရုပ်မြင်သံကြား ဇာတ်လမ်းတွဲကို ရိုက်ကူးခဲ့ပြီးဖြစ်လို့ မကြာမီမှာ တစ်ကမ္ဘာလုံးကို ဖြန့်ချိတော့မှာဖြစ်ပါတယ်။ ဂျပန်မှာတော့ သူ့ရဲ့ရုပ်ရှင်ဇာတ်ကားတွေကို ဂျပန်ပြည်သူ ၂၀ရာခိုင်နှုန်း အားပေးကြည့်ရှုကြတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် အရှေ့တောင်အာရှနိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နဲ့ စင်ကာပူနိုင်ငံ ပရိသတ်တွေကိုလည်း ရှင်ဒေါင်ဟန့် ခရီးထွက်ဖို့ ရှိနေပါတယ်။ ဒါကလည်း သူ့ရဲ့ ရုပ်ရှင်ဇာတ်ကားတွေအပေါ် ပရိသတ်တွေ ပိုပြီး စိတ်ဝင်စားအားပေးအောင် ရည်ရွယ်တယ်လို့ ဆိုပါတယ်။

တရုတ်မှာ ရုပ်ရှင်ရိုက်မည့် အွန်စော။

နာမည်ကြီးနေတဲ့ ရှင်ဂွန်း။

ပြည်ပနိုင်ငံများသို့ ခရီးထွက်မည့် ချိုဝမ်။

အွန်စော

တောင်ကိုရီးယားရဲ့ နာမည်အကြီးဆုံး အမျိုးသမီး ရုပ်ရှင်သရုပ်ဆောင်ကတော့ အွန်စောပဲဖြစ်ပါတယ်။ အွန်စောအနေနဲ့ ၂၀၀၉ခုနှစ် ဇန်နဝါရီလအတွက် ပရိသတ် ဒုတိယအကြိုက်ဆုံးအဖြစ် သတ်မှတ်ခံရသူဖြစ်ပြီး နိုင်ငံတကာမှာ ပရိသတ် အခိုင်မာဆုံးရှိတဲ့ သရုပ်ဆောင်တစ်ဦးလည်းဖြစ်ပါတယ်။

ဆောင်းဟေကို (အွန်စော)ဟာ မကြာခင်က "My Girl and I"အမည်ရှိတဲ့ ရုပ်ရှင်ဇာတ်ကား မှာ ပရိသတ်တွေ အားပေးမှု တစ်ခဲနက်ရရှိခဲ့သူ ဖြစ်ပါတယ်။ အွန်စော အနေ နဲ့ ၂၀၀၉ခု နှစ်လယ်ပိုင်းမှာ ဟောလီးဝုဒ်မှာ ရုပ်ရှင်သွားရိုက်ဖို့ရှိနေပြီး တရုတ်နိုင်ငံမှာ ရုပ်ရှင်ရိုက်ကူးဖို့ ဆွေးနွေးနေပြီ ဖြစ်ပါတယ်။ တရုတ်နိုင်ငံက ဒါရိုက်တာ၊ သရုပ်ဆောင်တွေနဲ့အတူ အွန်စောက ပါဝင်သရုပ်ဆောင်မှာဖြစ်ပြီး ရာဇဝင်အခြေပြုတဲ့ ရုပ်ရှင်ဇာတ်ကား ဖြစ်ပါတယ်။ အဲဒီ ရုပ်ရှင်ဇာတ်ကားတွေဟာ ၂၀၀၉ခုနှစ်ကုန်ပိုင်းမှာ ထုတ်လွှင့်ပြသနိုင်ဖို့ မျှော်မှန်းထားပါတယ်။

တောင်ကိုရီးယား အမျိုးသမီးသရုပ်ဆောင်တွေထဲမှာ နာမည်ကြီးနေတဲ့ သရုပ်ဆောင်တစ်ဦးကတော့ လီဒါဟေး (ချိုဝမ်)ပဲဖြစ်ပါတယ်။ တရုတ်၊ ဗီယက်နမ်၊ ဂျပန်၊ ထိုင်း၊ တောင်ကိုရီးယားနဲ့ ဖိလစ်ပိုင်နိုင်ငံတွေမှာတော့ ချိုဝမ်ရဲ့ သရုပ်ဆောင်မှုကို ပရိသတ်တွေ အားပေးကြတယ်လို့ ဆိုပါတယ်။

ချိုဝမ်

ချိုဝမ်ဟာ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ကို ရောက်ရှိနေပြီး သူ့ရဲ့ပရိသတ်တွေနဲ့ ဆုံတွေ့နေပါတယ်။ ဇန်နဝါရီ တတိယပတ်အတွင်းမှာ တောင်ကိုရီးယား ပြန်လာပြီး ရုပ်မြင်သံကြားဇာတ်လမ်းတွေ ဆက်လက်ရိုက်ကူးဖို့ရှိနေပါတယ်။ ဒါ့အပြင် ဇန်နဝါရီလကုန်မှာ ဂျပန်ကို သုံးရက်ကြာ ခရီးထွက်ဖို့ စီစဉ်ထားတယ်လို့ ဆိုပါတယ်။ ဒါကလည်း ဂျပန်မှာ ကြော်ငြာရိုက်ကူးဖို့အတွက်လည်း ပါဝင်ကြောင်း သိရပါတယ်။

ရွှေမင်းသားလေးချစ်ပုံပြင်ထဲမှာ မင်းသမီးလေး ရှင်ဂွန်းအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ယွန်ဟွမ်ဟေး (ရှင်ဂွန်း)ဟာ တောင်ကိုရီးယားသရုပ်ဆောင် အမျိုးသမီးတွေထဲမှာ အွန်လိုင်းက ဆန္ဒပြုတဲ့ ပရိသတ်အကြိုက်ဆုံးသရုပ်ဆောင်တစ်ဦးဖြစ်ပါတယ်။

ဆွေးနွေး

အသက် ၂၅နှစ်သာရှိသေးတဲ့ ရှင်ဂွန်းဟာ အာရှနိုင်ငံခြောက်နိုင်ငံကို ခရီးထွက်ဖို့ရှိနေပါတယ်။ အဲဒီနိုင်ငံတွေမှာ ကြော်ငြာရိုက်ဖို့ အစီအစဉ်ရှိပြီး တောင်ကိုရီးယားဒါရိုက်တာတွေနဲ့ပဲ ရိုက်ကူးသွားမှာဖြစ်ပါတယ်။ ရှင်ဂွန်းဟာ ဂျပန်ရုပ်ရှင်ထုတ်လုပ်သူတွေနဲ့ ဇာတ်ကားအသစ် ရိုက်ကူးဖို့ ဆွေးနွေးနေပါကြောင်း ဖော်ပြလိုက်ရပါတယ်။ ။ **(ကိုးကား-အင်တာနက်)**

● *ရွှေဖုံးမှ*

လက်ယာဘက်ကမ်းတို့မှ စက်ယန္တရားကြီးများ အသုံးပြု၍ ယာယီရေလွှဲတမံကို မြေကြီးများ၊ ကျောက်သားများဖြင့် အားသွန်ခွန်စိုက် ထိုးပိတ်ကြရာ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များကလက်ခုပ်လက်ဝါးတီး၍လည်းကောင်း၊ ယဉ်ကျေးမှု အကအဖွဲ့များက အိုးစည်ဒိုးပတ်များ တပျော်တပါးတီးမှုတ်ကခုန်၍ လည်းကောင်း တစ်ခဲနက် အားပေးခဲ့ကြသည်။

အားပေးစကား

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ပိတ်ပြီးသွားသော ရေလွှဲတမံ လက်ယာဘက်ကမ်းမှ လက်ဝဲဘက်ကမ်းသို့ တမံပေါ်မှ ဖြတ်သန်းစစ်ဆေးကြည့်ရှုပြီးနောက် ဝန်ကြီးက လုပ်ငန်းဆောင်ရွက်နေကြသော စီမံကိန်းဝန်ထမ်းများ၊ အခမ်းအနားသို့ တက်ရောက်လာသော ဒေသခံပြည်သူများ၊ ယဉ်ကျေးမှုအကအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားပြောကြားခဲ့သည်။

အထိမ်းအမှတ်

၄င်းနောက်ဝန်ကြီး၊ဒုတိယဝန်ကြီးနှင့် အဖွဲ့တို့သည် ပေါင်းလောင်းမြစ်အတွင်း အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီးနောက် စီမံကိန်း၏ လက်ယာဘက်ကမ်းရှိ မဏ္ဍပ်၌ စီမံကိန်းတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး မြစ်ရေလွှဲခြင်းလုပ်ငန်း အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရောင်စုံ မိုးပျံပူဖောင်းများ လွှတ်တင်ကာ ရေလွှဲဥမင် (အဝင်) ပိုင်းရှိ ပေါင်းလောင်းမြစ်အတွင်းသို့ ရွှေဘောလုံး၊ ငွေဘောလုံးနှင့် ရောင်စုံဘောလုံးများ ရေထဲမျှောချခဲ့ကြသည်။

၄င်းနောက်ဝန်ကြီး၊ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် (EL-378) ရှုရပ်မှနေ၍ ယာယီရေလွှဲတမံထိုးပိတ်ပြီးစီးမှု၊ ပင်မတမံတည်ဆောက်မည့်နေရာ၊ ရေယူအဆောက်အအုံတည်ဆောက်မည့်နေရာ၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့်နေရာနှင့် ဆွဒ်ယာဒ်တည်ဆောက်မည့် နေရာတို့ကိုကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးခဲ့သည်။

စီမံကိန်းလုပ်ငန်း

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း၌ ထိုသို့မြစ်ရေလွှဲရခြင်းမှာစီမံကိန်းလုပ်ငန်းများဖြစ်သော ပင်မတမံအောက်ခြေ မြေကြီးကျောက်သား တူးဖော်ခြင်းလုပ်ငန်း၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် မြေကြီးကျောက်သား တူးဖော်ခြင်း လုပ်ငန်း၊ ရေယူအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း၊ ဆွဒ်ယာဒ်တည်ဆောက်ခြင်းလုပ်ငန်း၊ရေတားနံရံတည်ဆောက်ရန် မြေကြီးကျောက်သား တူးဖော်ခြင်း လုပ်ငန်းတို့ကို ပေါင်းလောင်းမြစ်အတွင်း လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်၍ အဆိုပါလုပ်ငန်းများ ဆောင်ရွက်မည့် နေရာတွင် ရေဝင်ရောက်မှုမရှိစေရန်အတွက်လုပ်ငန်းခွင်ဧရိယာ၏ အထက်ပိုင်း ပေါင်းလောင်းကြီး၊ ပေါင်းလောင်းငယ် မြစ်ငယ်နှစ်သွယ်တို့ ပေါင်းဆုံရာ နေရာမှ ပေါင်းလောင်းမြစ်ကို ယာယီပိတ်၍ မြစ်ရေလွှဲထားသော နေရာသို့ ဖြတ်သန်း စီးဆင်းမည့် ရေများကို အချင်း ၃၃ပေ၊ အလျားပေ ၉၆၀ရှိ ရေလွှဲဥမင်ဖောက်လုပ်ကာ ပေါင်းလောင်းမြစ်ရေလမ်းကြောင်းကို ယာယီလွှဲပြောင်းစီးဆင်းစေခြင်းဖြစ်သည်။

ထိုသို့မြစ်ရေလွှဲပြီးနောက် မြစ်ရေလွှဲထားသော မူလနေရာ (ပေါင်းလောင်းမြစ်အတွင်း)တွင်ကျန်ရှိနေသော ရေများကို ကုန်စင်အောင် စုပ်ထုတ်ပြီးမှ လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပေသည်။

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း၏ မြစ်ရေလွှဲထားသည့် ရေလွှဲဥမင်လိုဏ် (အထွက်ပိုင်း) ကို မြစ်ရေလွှဲပြီး ဤသို့ တွေ့ရသည်။
ဓာတ်ပုံ-မောင်မောင်

သိုလှောင်မည်

တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးပါက ယာယီမြစ်ရေ လွှဲထားသော ရေလွှဲဥမင်ကို ရေလွှဲဥမင်အပေါ်တွင် တပ်ဆင်ထားသော ရေတံခါးနှစ်ချပ်ဖြင့် ပိတ်၍ ယာယီရေတားတမံကိုပြန်လည်တူးဖော်ကာ မူလ ပေါင်းလောင်း မြစ်ကြောင်းအတိုင်း အထက်ပေါင်းလောင်းစီမံကိန်းရှိရေလှောင်တမံအတွင်းမြစ်ရေစီးဝင်သိုလှောင်မည်ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ တင်ပြလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

ပေါင်းလောင်းကြီး၊ပေါင်းလောင်းငယ် မြစ်ငယ်နှစ်သွယ်ပေါင်းဆုံ၍ ပေါင်းလောင်းမြစ်စတင်ဖြစ်ပေါ်လာသည့်နေရာ။
(ဓာတ်ပုံ-မောင်မောင်)

၂၀၀၈ခုနှစ် ဒီဇင်ဘာ ၅ရက်က မြစ်ရေလွှဲရန်အတွက် စက်ယန္တရားများဖြင့် မူလပေါင်းလောင်းမြစ်အား ပိတ်နေသည်ကို ဤသို့ တွေ့ခဲ့ရသည်။
(ဓာတ်ပုံ-မောင်မောင်)

တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးပါက ယာယီ မြစ်ရေလွှဲထားသော ရေလွှဲဥမင်ကို ရေလွှဲ ဥမင်အပေါ်တွင် တပ်ဆင်ထားသော ရေတံခါးနှစ်ချပ်ဖြင့် ပိတ်၍ ယာယီ ရေတား တမံကို ပြန်လည်တူးဖော်ကာ မူလ ပေါင်းလောင်းမြစ်ကြောင်းအတိုင်း အထက်ပေါင်းလောင်း စီမံကိန်းရှိ ရေလှောင်တမံအတွင်း မြစ်ရေစီးဝင်သိုလှောင်မည်။

❍ *ကျောဖုံးမှ*

မြက်ရိတ်ကျွန်း ကျေးရွာတွင် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြင့်သိန်းနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများက ကြိုဆိုကြပြီး လေးမြို့မြစ်ကမ်းနဖူးသို့ ခြေကျင်သွားကြကာ တစ်ဖက်ကမ်းရှိ ဆောင်းသီးနှံ စိုက်ပျိုးမှုကို လှေဖြင့် လိုက်ပို့ကြသည်။

မြောက်ဦးမှထွက်လာပြီးဘုရားအုပ်ကျေးရွာဖြတ်သန်းလာသည့်အခါ ခြောက်သွေ့နေသည့်မိုးစပါးစိုက်ခင်းရိုးပြတ် အငုတ်များ အလယ်တွင် စိမ်းစိုနေသည့်မတ်ပဲပင်များ၊ သန်မာထွားကျိုင်းသည့် ဂေါ်ဖီထုပ်ပင်များ၊ အပွင့်ဝါဝါနှင့် ဆီမုန်ညင်းပင်များက ဟိုတစ်ကွက်သည်တစ်ကွက်နှင့် ခြောက်သွေ့ခြင်းနှင့် စိမ်းစိုခြင်းကို ပြိုင်နေကြသည့်နှယ်...။

ဝီရိယကောင်းသည့် တောင်သူများက မိုးစပါးပင် မမှည့်မီကပင် ရေလိုက်ကြဲစနစ်ဖြင့် မတ်ပဲများကြဲပက်စိုက်ပျိုးသဖြင့် မိုးစပါးပင်များ ရိတ်သိမ်းသည့်အခါ မတ်ပဲပင်များက စိမ်းစိုစိုဖြင့် အပြိုင်းပြိုင်းတက်လာတာ အားရစရာကောင်းအောင် ရှင်သန်နေသည်။

သဘာဝမြေသြဇာ

တပေါင်းလတွင် ကျန်နေသည့် မိုးစပါးငုတ်များမှာ သဘာဝအရ ဆွေးမြည့်ပြီး မြေပေါ်သို့ အလိုလိုကျသွားကာ လယ်အတွက်သဘာဝဓာတ်မြေသြဇာ ဖြစ်သွားသဖြင့် မတ်ပဲစိုက်တောင်သူကြီးများအဖို့ အဆင်ပြေလှသည်။

မြက်ရိတ်ကျွန်း တစ်ဖက်ကမ်းလေးမြို့မြစ်ဘေးရှိ မြေနုကျွန်းမှာ အလျား ငါးမိုင်၊ အနံ တစ်မိုင်ခန့်ရှိပြီး ဧက ၅၀၀မျှ ဆောင်းသီးနှံ စိုက်ပျိုးထားသဖြင့် မြေနုကျွန်းတစ်ခုလုံး စိမ်းစိုနေသည်။

သတင်းခရီးသည်မှာ ပုဂံ-ညောင်ဦးမြို့နယ် စဥ့်ကူဇာတိဖြစ်သည်။ ပင်ထောင်၊ ပင်ပြန့်မြေပဲပင်များကို ကောင်းစွာမြင်ဖူးပြီး တစ်ဧက တင်း၂၀ခန့် ထွက်သည်ကိုပင် အပင်အထွက်ကောင်းသည်ဟု ထင်ခဲ့ပါသည်။ မြေပဲပင်မှာ တစ်ပေ၊ တစ်ပေခွဲထက် ပိုမသန်ပါ။

ရှင်သန်ကြီးထွား

ကမ်းစပ်မှတက်သည်နှင့် ၂ပေခွဲမှ ၃ပေအထိမြင့်တက်နေသည့် မြေပဲပင်များက အားရစရာကောင်းအောင် ရှင်သန်ကြီးထွားနေသည်။ မြေပဲပင်သာမက အတန်းလိုက် စိုက်ထားသည့် ၁၀ပေမျှ မြင့်သည့် ပြောင်းဖူးပင်နှင့် ငရုတ်၊ သခွား၊ သခွားမွှေး၊ ဖရုံ၊ ကန်စွန်းဖြူ-နီ၊ ကြက်ဟင်းခါး၊ မုန်လာ၊ နွေပဲသီး၊ ဘူးသီး၊ ပဲတောင့်ရှည်၊ ခရမ်း၊ ခရမ်းချဉ်ပင်များ စိမ်းစိုစိုဖြင့် အောင်မြင်ဖြစ်ထွန်းနေသည်။

လက်တွေ့ပြသ

"ကျွန်တော်တို့ မြောက်ဦးမြို့နယ်မှာ နှစ်ရှည်အုပ်စုမှ မြောင်းဘွေအုပ်စု ဖြတ်ပြီး ပြည်လုံးကြီးအုပ်စုအထိ လေးမြို့မြစ် စီးဆင်းပါတယ်။ ရေချိုမြစ်ဖြစ်လို့ ကမ်းနံဘေးသီးနှံ စိုက်ပျိုးသူ များပြားပြီး ကမ်းစပ်တစ်လျှောက် လူနေအိမ်များ ထူထပ်ပါတယ်။ သီးနှံ အားလုံး အထူး အထွက်ကောင်းပါတယ်။ မြေပဲတစ်ပင်မှာမြေပဲဆန်နှစ်ခုကနေ လေးခုအထိပါတဲ့ ပဲတောင့် ၂၀မှ ပဲတောင့်၂၅ အထိပါလို့ တစ်ဧကမှာ တင်း၁၀၀ကျော် ထွက်ပါတယ်။ ယမန်နှစ်က နန်းကျားကျေးရွာအုပ်စုမှ ဒေါ်ဝင်းစိန်မြေပဲခင်းက တစ်ဧက၁၇ တင်းအထိ ထွက်လို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်သောင်းအေးက ပြည်နယ်အဆင့် မိုးစပါး ထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်ပြိုင်ပွဲကျင်းပတဲ့ စစ်တွေမြို့ ကန်တော်ကြီးကွင်းမှာ ဆုချီးမြှင့်ပါတယ်" ဟုပြောပြီး ကျေးရွာဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့်အတူ မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးနိုင်မင်းလှိုင်က မြေပဲတစ်အုပ်ကိုနုတ်ကာ လက်တွေ့ပြသသည်။

ဆောင်းသီးနှံစိုက်ခင်းတွင်မိသားစုနှင့်အတူ ငရုတ်တောင့် ဆွတ်ခူးပြီး ပြောင်းဖူး၊ ဘူးသီး၊ သခွားသီး ခူးနေသည့် ပိုင်ရှင် ကိုအောင်စိုးမိသားစုကို တွေ့ဆုံသဖြင့် မေးမြန်းခဲ့သည်။

"ကျွန်တော့်မှာ ဇနီးသားသမီးနှစ်ဦးနဲ့ မိဘနှစ်ပါးပါ မိသားစု ခြောက်ဦး ရှိပါတယ်။ မြေနုကျွန်းခြောက်ဧကပေါ်မှာ ဆောင်းသီးနှံမျိုးစုံစိုက်ပျိုးရာပြောင်းဖူး၁၀၀၀ကို ငွေကျပ် ၆၅၀၀၀၊ ငရုတ်သီးတောင်း ၁၂၀လျှင် ၂၄၀၀၀ ရရှိပါတယ်။ ငရုတ်သီးမှာ တစ်လတစ်ကြိမ်ဆွတ်ခူးပြီး ပြောင်းဖူးမှာ ဝယ်သူမှာတိုင်း ခူးပေးရပါတယ်။ သီးနှံအားလုံး ကျွန်တော်တို့နေထိုင်ရာတဲသို့ လာရောက်ဝယ်ယူပါတယ်။ တစ်လ သီးနှံစုံရောင်းချရငွေ ကျပ်ငါးသိန်းကျော် ခြောက်သိန်းခန့် မိသားစု ဝင်ငွေရရှိပါတယ်" ဟု ပြောပြသည်။

မိုးတွင်း မြစ်ရေတက်လာလျှင် တစ်ခါတစ်ရံ ကျွန်းမြုပ်တတ်ကြောင်း၊

"မြေပဲတစ်ပင်မှာ မြေပဲဆန်နှစ်ခုကနေ လေးခုပါတဲ့ ပဲတောင့် ၂၀မှ ၂၅တောင့်အထိရှိလို့ တစ်ဧကမှာ တင်း ၁၀၀ကျော် ထွက်ရှိပါတယ်"

ဦးနိုင်မင်းလှိုင် (မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ)

ရေတက်လျှင် မြက်ရိတ်ကျွန်းသို့ မိသားစုလိုက် ပြောင်းရွှေ့ပြီး မိုးစပါး စိုက်ပျိုးကြောင်းနှင့် ဆောင်းသီးနှံ၊ မိုးစပါး စိုက်ပျိုးရာ တစ်နှစ်လျှင် မိသားစု အသားတင်ဝင်ငွေ ကျပ်သိန်း ၄၀မျှ ဝင်ငွေရရှိကြောင်း သိရသည်။ အလုပ်လုပ်ကိုင်သူတိုင်း ခံစားရသော သမ္မာအာဇီဝဖြစ်သည့် ဝင်ငွေဖြစ်ပေသည်။

အဆိုပါကျွန်းပေါ်တွင်ကျောင်းနေရွယ် ကလေးငယ်များ တွေ့ရသဖြင့် ကျောင်းနေ၊ မနေမေးမြန်းရာ ကျောင်းဖွင့်ရက်တိုင်းလှေဖြင့်ကူးကာ မြက်ရိတ်ကျွန်း မူလတန်းလွန်ကျောင်းသို့ အဆင်ပြေစွာ ကျောင်းတက်ကြောင်း သိရသည်။ ဒေသအခေါ် ငွေးမသီး (သခွားမသီး)ကို ကိုအောင်စိုး မိသားစုကခွဲကာ ဧည့်ခံကြသည်။ သခွားမသီးမှာ အေး၍ အရသာရှိသဖြင့် မြေသြဇာကောင်းသည့်ဒေသဖြစ်သည်မှာ သေချာလှသည်။

မြေနုကျွန်းတွင် လမ်းဘေးရောင်းချသည့် မြေပဲတောင့်ပြုတ် နို့ဆီတစ်ဘူး ငွေကျပ်၁၀၀ဖြင့် ရောင်းချ၍ ဝယ်ယူစားရာ မြေပဲဆန်မှာ အပြည့်သုံးခုပါသဖြင့် တစ်ဧက တင်း၁၀၀ကျော် ထွက်ကာ ဆီဖူလုံမှု ၇၀ ဒသမ ၀၇ ဖြစ်သည်မှာ သေချာသည်။

စိုက်ပျိုးထား

မြောက်ဦးမြို့နယ်တွင် ဆောင်းသီးနှံ ၁၅၁၈၃ ဧကတွင် မြေပဲ ဧက ၂၉၀၀၊ ဆီမုန်ညင်း ၁၁၃၆၁ ဧက၊ နေကြာ ၅၉၉ဧက၊ နှမ်း ၂၂၅ဧက၊ ပန်းနှမ်း ၉၈ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

"တစ်လမှာ သီးနှံစုံရောင်းရငွေ ကျပ်ငါးသိန်းကျော် ခြောက်သိန်းခန့် မိသားစုဝင်ငွေရရှိပါတယ်"

ကိုအောင်စိုးမိသားစု
မြက်ရိတ်ကျွန်း မြောက်ဦးမြို့နယ်။

ဆောင်းသီးနှံ

မိုးစပါးကို၁၃၆၈၀၀ဧက စိုက်ပျိုးခဲ့ရာ တစ်ဧကပျမ်းမျှ ၇၆ဒသမ ၀၆ တင်း၊ ၁၀၄၀၅၀၀၈တင်း ထွက်ရှိပြီး ယခုအခါ နွေစပါးဧက ၁၆၀၀စိုက်ပျိုးကာ အချို့လယ်မြေများတွင် ဆောင်းသီးနှံနှင့် ဆီထွက်သီးနှံ၊ ပဲမျိုးစုံစိုက်ပျိုးထားသည်။

မြက်ရိတ်ကျွန်း၊ မြေနုကျွန်းတွင် မြက်ရိတ်ကျွန်းအုပ်စု၊ ဆင်အိုအုပ်စု၊ ပန်းမြောင်း(မင်းပြားမြို့နယ်)၊ ဂုဏ်ကျွန်းအုပ်စုများမှ ကျေးရွာ ၁၁ရွာက တောင်သူ၉၀သည် မြေနုဧက ၅၀၀ ခန့်ကို ဆောင်းသီးနှံ၊ ဆီထွက်သီးနှံများ စိုက်ပျိုးလျက်ရှိသည်။

မြက်ရိတ်ကျွန်းနှင့် ဖိုးဖြူကျွန်းမှ မြောက်ဦးသို့သွားရာ မြို့နယ်စည်ပင်သာယာမှ ဖောက်လုပ်ထားသည့် ၃ဒသမ ၅မိုင်ရှိ ကျောက်ချောလမ်းအတိုင်း ပြန်ခဲ့ရာလမ်းမှာ အချို့နေရာတွင် သွားမရအောင် ဖြစ်နေသည်။ မကြာမီ ဒေသဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ပြုပြင်မည်ဟု အတွင်းရေးမှူးဦးကျော်လှိုင်က ပြောသည်။ ဖိုးဖြူကျွန်းရွာ၊ မောင်သာကုန်း၊ ရွာဟောင်းတောရွာများသို့ ဖြတ်၍ ဘုရားအုပ်ကျေးရွာ ခြေနင်း ရေတင်စက်ဖြင့် အဝီစိရေကို စုပ်ယူကာ မုန်လာဥ၊ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ မေမြို့ပန်း၊ ဘူး၊ ချဉ်ပေါင်၊ နီကိုဥနှင့် အခြား ဟင်းသီးဟင်းရွက် စိုက်ခင်းသို့ သတင်းအဖွဲ့ ရောက်ခဲ့သည်။

ဘုရားအုပ်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဘိုနီက မြန်မာ့အလင်း သတင်းအဖွဲ့ကို ကြိုဆိုပြီး တောင်သူ ဦးမောင်သိန်းကျော် စိုက်ခင်းသို့ လိုက်လံ ပြသသည်။

ရေတင်စက်

ပေ ၃၀မှ ပေ ၇၀အထိ နက်သည့် အဝီစိရေတွင်းမှ သန့်ရှင်းသည့်ရေကို လျှပ်စစ်မီးမလို၊ ဒီဇယ်မလို ခြေနှစ်ဖက်ဖြင့် ခြေနင်းကာ ရေတင်စက်ဖြင့်ရေတင်ကာ စိုက်ခင်းအတွင်း ရေသွင်းမှု မိသားစုလိုက် ဆောင်ရွက်နေမှုကို မြင်တွေ့ရသည်။ ဖြစ်ထွန်းအောင်မြင်နေသည့် စိုက်ခင်းများက ကွင်းအပြည့် တစ်မျှော်တစ်ခေါ်ပင် ဖြစ်သည်။

ထူးခြားသည့်မြို့

ပန်းဂေါ်ဖီ တစ်ပွင့် ကျပ်၁၅၀၊ ဂေါ်ဖီထုပ် တစ်ထုပ် ကျပ် ၁၀၀ဖြင့် အထိုင်တွင် ရောင်းရသဖြင့် စိုက်ပျိုးသူများအတွက် အသင့်အတင့်ဝင်ငွေ ရရှိနေပေသည်။ မြေအောက်မှရေချိုကို ပေ ၇၀အနက်အတွင်း ကြိုက်ရာနေရာတွင် တူးကာ သီးနှံစိုက်ပျိုးရသော အခြေအနေသည် ရခိုင်ပြည်နယ်အတွင်း ထူးခြားသည့်မြို့ ဖြစ်ပေသည်။

လေ့လာခဲ့

သတင်းအဖွဲ့သည် ဘုရားအုပ် ဆောင်းသီးနှံစိုက်ခင်းမှ မြောက်ဦးမြို့ ဦးဥတ္တမလမ်းနှင့်ညောင်ပင်ဈေးလမ်းရှိ ဦးကျော်သာညွန့်နှင့် ဦးမောင်လုံး ပန်းတဉ်းလုပ်ငန်းကို သွားရောက် ဆက်လက်လေ့လာခဲ့ကြသည်။

ကြိုးပမ်း

မြောက်ဦးမြို့နယ်သည် ဧရိယာ စတုရန်းမိုင် ၄၉၀ဒသမ ၉၇မိုင်၊ ဧရိယာ ဧက၃၁၄၂၂၄ ကျယ်ဝန်းပြီး ရပ်ကွက်ခြောက်ရပ်ကွက်နှင့်ကျေးရွာပေါင်း ၂၅၁ရွာ ဖွဲ့စည်းထားပြီး လူဦးရေ ၂၂၂၀၄၀ အေးချမ်းစွာ နေထိုင်လျက်ရှိပြီး ဆန်ဖူလုံမှုမှာ ၂၀၀၇-၂၀၀၈တွင် ၂၆၄ဒသမ၅၄ ဖြစ်သည်။ ဒေသခံများသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူးကျင်းပမည့် (၆၂)ကြိမ်မြောက်ပြည်ထောင်စုနေ့ အခမ်းအနားတွင် သစ်သီးဝလံ ပန်းမန်ပြပွဲတွင် ပါဝင်ဆင်နွှဲကာ ဆုရရှိရေး ပြင်ဆင် လုံးပန်းလျက်ရှိကြသည်။ ။

(မြန်မာ့အလင်း)

မြောက်ဦးမြို့နယ် မြက်ရိတ်ကျွန်း(မြေနုကျွန်း) ပေါ်တွင် ဖြစ်ထွန်းအောင်မြင်နေသည့် ပြောင်းဖူးပင်များ နှင့် စားသုံးပင်များကို တွေ့ရစဉ်။

■ *ကျောဖုံးမှ*

တောက်ပသောအလင်းတန်းများအဖြစ် နေရောင်နှင့်လရောင်တို့အပြင် ကြယ်တာရာများ၊ စူးရှသောအလင်းတန်းများက ပင်လယ်နှင့် သမုဒ္ဒရာတို့တွင် အသက်ရှင်သန်ကျက်စားလျက်ရှိသည့် ပင်လယ်လိပ်ငယ်များနှင့် ပင်လယ်ပျော် သတ္တဝါလေးများအပေါ် ရေပြင်ကိုဖြတ်ကာ ကျရောက်ပါက အဆိုပါ သတ္တဝါလေးများအနေဖြင့် နေရာပြောင်းရွှေ့ ကျက်စားတတ်ကြကြောင်း၊ ထို့အပြင် မျိုးပွားမှုကိုလည်း ဆိုးရွားစွာထိခိုက်စေကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထိုသို့အလင်းတန်းများကြောင့် ရေနေသတ္တဝါများအဖို့ ပင်လယ်နှင့် သမုဒ္ဒရာများတွင် အစားအစာများပျက်စီးစေပြီး အစားအစာ စားသုံးရမှု အနေအထားကို ထိခိုက်စေသည်ဟုဆိုသည်။ တစ်ဖန် ရေပျော်သတ္တဝါတို့၏ ဘဝရပ်တည်မှုကို ဆိုးရွားစွာ ရိုက်ခတ်စေကြောင်းသိရသည်။

မျိုးသုဥ်း

ထိုသို့သောအလင်းတန်းများကျရောက်မှုကြောင့် ပင်လယ်၊ သမုဒ္ဒရာနှင့် မြစ်ချောင်း၊ အင်း၊ အိုင်များရှိ ရေနေသတ္တဝါလေးများ နှစ်စဉ်သန်းနှင့်ချီကာ သေဆုံးပြီး ရေနေသတ္တဝါ မျိုးစိတ် ၁၀၀ ကျော် နှစ်စဉ်မျိုးသုဉ်းလျက်ရှိကြောင်းလည်း အမေရိကန်နိုင်ငံမှ သုတေသနပညာရှင်များက ထောက်ပြထားသည်။

အလင်းရောင်ပြန်မှုတွင် လူတို့ကြောင့် ဖြစ်ပေါ်လာသော အလင်းပြန်မှုများက သဘာဝအလင်းတန်းများဖြစ်သော နေနှင့်လ အပါအဝင် ကြယ်တာရာတို့မှ အလင်းတန်းများနှင့် ထိတွေ့ရိုက်ခတ်ကာ ဦးတည်ချက်လမ်းကြောင်းပြောင်းပြီး ပင်လယ်နှင့် ရေမျက်နှာပြင်များသို့ ကျရောက်ခြင်းကြောင့်လည်း သတ္တဝါမျိုးစိတ်များ ထိခိုက်ပျက်စီးတတ်ကြောင်း သိရသည်။

အကြံပြု

ထို့ကြောင့် ကားလမ်း၊ အလင်းပြန်သော အဆောက်အအုံများနှင့် အလင်းထွက်စေနိုင်သော လုပ်ဆောင်မှုများကို စနစ်တကျထိန်းသိမ်းကာ ဆောင်ရွက်သင့်ကြောင်း၊ သို့မှသာသတ္တဝါမျိုးစိတ်များ ထိခိုက်မှုမှရှောင်လွှဲနိုင်မည်ဖြစ်ကြောင်း သုတေသနပညာရှင်များက အကြံပြု တိုက်တွန်းထားသည်။ ။

ကိုးကား-အင်တာနက်

❒ *ကျောဖုံးမှ*

ဟိမဝန္တာတောင်တန်းကြီးသည် အိန္ဒိယတိုက်ငယ်(Indian Subcontinent)ကို တိဗက်ကုန်းပြင်မြင့် (Tibetan Plateau)နှင့် ကတ္တားခြားပေးထားသည်။

သွယ်တန်းတည်ရှိ

ဟိမဝန္တာတောင်တန်းကြီးမှသည် အဆင့်ဆင့်ခွဲဖြာသွားသော တောင်အသွယ်သွယ်တို့မှာ ဘူတန်၊ တရုတ်၊ အိန္ဒိယ၊ နီပေါ၊ ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်တို့ အထိတိုင်အောင် တစ်နံတစ်လျား သွယ်တန်းတည်ရှိနေသည်။

ကမ္ဘာ့အထင်ကရ မြစ်ကြီးများဖြစ်သော အိန္ဒုမြစ်(Indus)၊ ဂင်္ဂါ-ဗြဟ္မာ့ပုတ္တရမြစ်(Ganga-Brahmaputra)နှင့် ယန်စီမြစ် (Yangtze)တို့မှာ ဟိမဝန္တာတောင်တန်းဒေသတွင် မြစ်ဖျားခံကြသည်။ ဟိမဝန္တာတောင်တန်းဒေသမှ အစပြုသောမြစ်များ၏ မြစ်ဝှမ်းဒေသများကို အမှီပြုကာ နေထိုင်သူဦးရေမှာ ၁ဒသမ၃ ဘီလီယံခန့်အထိ ရှိသည်။

'**ကမ္ဘာ၏အမိုး**' (the roof of the world)ဟု တင်စားခေါ်ဝေါ်ခံရသော တိဗက်ကုန်းပြင်မြင့် (Tibetan Plateau)သည် ကမ္ဘာ့အမြင့်ဆုံးအမြင့်ပြအမှတ် (altitude)တည်ရှိရာ ဒေသဖြစ်သည်။ အမြင့်ပြအမှတ်ဆိုသည်မှာ ပင်လယ်ရေမျက်နှာပြင်အထက် မြင့်မားသောနေရာပင်ဖြစ်သည်။

ယူဆကြ

အာရှတိုက်၏ ကြီးမားကျယ်ပြန့်သော အရွယ်ပမာဏနှင့် မြင့်မားသောတောင်တန်း၊ ကုန်းပြင်မြင့်များ၏ တည်နေပုံအနေအထားတို့သည် ရာသီဥတုကို ဖန်တီးပေးနေသည်ဟု သိပ္ပံပညာရှင်များ ယူဆကြသည်။

ကမ္ဘာ၏အမိုးဖြစ်သော တိဗက်ကုန်းပြင်မြင့်သည် ကမ္ဘာ့ရာသီဥတုအပေါ် အကျိုးသက်ရောက်မှုရှိသည်ဟု '**သဘာဝ**'(Nature) အမည်ရှိ သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင်ရေးရာဂျာနယ်၌ သိပ္ပံပညာရှင်များ ရေးသားဖော်ပြထားသည်။

တိဗက်ကုန်းပြင်မြင့်ကို ကျင်ဟိုင်း-တိဗက်တန်ကုန်းပြင်မြင့် (Qinghai-Tibetan)ဟုလည်း ခေါ်တွင်ပြီး အာရှအလယ်ပိုင်း၌ ကျယ်ကျယ်ပြန့်ပြန့် မို့မောက်နေသည့် အရပ်ဒေသဖြစ်သည်။ တရုတ်နိုင်ငံ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသ(Tibet Autonomous Region)နှင့် ကျင်ဟိုင်းပြည်နယ်(Qinghai Province)တို့သည်လည်းကောင်း၊ အိန္ဒိယနိုင်ငံ ကက်ရှ်မီးယားဒေသရှိ လာဒက်(Ladakh)အရပ်သည်လည်းကောင်း တိဗက်ကုန်းပြင်မြင့်၌ အကျုံးဝင် ပါရှိသည်။

တိဗက်ကုန်းပြင်မြင့်၏ဧရိယာမှာ အလျားကီလိုမီတာ ၂၅၀၀၊ အနံကီလိုမီတာ ၁၀၀၀ခန့်ရှိသည်။ တိဗက်ကုန်းပြင်မြင့်ရှိ အရပ်ဒေသများ၏ ပျမ်းမျှအမြင့်မှာ မီတာ ၄၅၀၀ကျော်ဖြစ်သည်။

အရွယ်အစား

စတုရန်းကီလိုမီတာ ၂ ဒသမ ၅ သန်းရှိ တိဗက်ကုန်းပြင်မြင့်သည် ပြင်သစ်နိုင်ငံ အရွယ်အစားပမာဏ၏ လေးဆခန့် ကြီးမားသည်။

ကမ္ဘာပေါ်တွင် အမြင့်ဆုံးနှင့် အကြီးမားဆုံးကုန်းပြင်မြင့်ဖြစ်သော တိဗက်ကုန်းပြင်မြင့်နှင့် ဟိမဝန္တာတောင်တန်းကြီးတို့သည် အာရှတိုက်၏ ရာသီဥတုအပေါ် အကျိုးသက်ရောက်ကြောင်း၊ ဖုန်မှုန့်နှင့် သဲမှုန့်တို့ ပို့ချရာမှ ဖြစ်ပေါ်လာခဲ့သော အနည်ကျကျောက်လွှာများကို လေ့လာခြင်းဖြင့် ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာသည့် သမိုင်းကြောင်းကို ဖော်ထုတ်နိုင်ကြောင်း အမေရိကန်နိုင်ငံ ဝစ္စကွန်ဆင်တက္ကသိုလ်(University of Wisconsin)မှ ရာသီဥတုဗေဒပညာရှင် ဂျွန်အီးကတ်စဘက်ချ်က ပြောကြားသည်။

လွန်ခဲ့သည့် နှစ်သန်းပေါင်းများစွာ ကာလအတွင်း ပို့ချခဲ့သော ရှေးဟောင်း သဲမှုန့်အနည်ကျကျောက်လွှာများ (ancient dust deposits)ကို သုတေသီတို့ လေ့လာခဲ့ကြပြီး ဟိမဝန္တာတောင်တန်းကြီးနှင့် တိဗက်ကုန်းပြင်မြင့်တို့က အာရှရာသီဥတုအပေါ် အကျိုးသက်ရောက်ပုံကို ဆက်စပ်လေ့လာလျက်ရှိကြောင်း၊ လွန်ခဲ့သည့်နှစ်ပေါင်း ၈သန်းခန့်က စတင်ခဲ့သော အာရှမုတ်သုံမိုးသည်လည်း အာရှတိုက်၏ ရာသီဥတုကို ဖန်တီးပေးခဲ့ကြောင်း ကတ်စဘက်ချ်က မှတ်ချက်ပြုပြောကြားသည်။ ။

ရည်ညွှန်း-အင်တာနက်မှတ်တမ်းများ

စုပေါင်းကာကွယ် ကျေးလက်မီးဘေးအန္တရာယ်

ဖွဲ့ရဲမာန်

ကျေးလက်ဒေသများတွင် မီးဘေးအန္တရာယ် လုံခြုံမှုမရှိပါက ကျေးလက်ဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်ထိခိုက်စေနိုင်သည့်အပြင် ကျန်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၄)ရပ်ကိုလည်း သွယ်ဝိုက်ဆက်စပ်ယှက်နွယ်ပြီး ထိခိုက်စေနိုင်ပါသည်။ သို့အတွက် ကျေးလက်ဒေသများတွင် မီးဘေးအန္တရာယ် နည်းပါးကင်းဝေးစေရန်နှင့် မီးဘေးလုံခြုံရေးလုပ်ငန်းများကို စနစ်တကျစီမံဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်ပြီး ကျေးလက်ဒေသ မီးလောင်မှု မှတ်တမ်းများကို တင်ပြလိုပါသည်။

နိုင်ငံတစ်ဝန်း ၁၉၈၈ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ နှစ် ၂၀အတွင်း မီးလောင်မှုများအနက် ကျေးလက်ဒေသများ၌ ဖြစ်ပွားခဲ့သောမီးလောင်မှုမှာ ပျမ်းမျှ ၂၅ရာခိုင်နှုန်းခန့် ပါဝင်သည်။ တစ်နည်းအားဖြင့် မီးလောင်မှုပေါင်းလေးကြိမ်တွင် တစ်ကြိမ်က ကျေးလက်တွင် ဖြစ်ပွားပါသည်။ မီးလောင်ဆုံးရှုံးခဲ့ရသည့် တန်ဖိုးများအနက် ကျေးလက်ဒေသတွင် ဖြစ်ပွားခဲ့သည့် မီးလောင်ဆုံးရှုံးမှု တန်ဖိုးမှာ ၄၀ ရာခိုင်နှုန်းခန့်ရှိကြောင်း တွေ့ရှိရသည်။ အဆိုပါအချက်များကို သုံးသပ်ကြည့်လျှင် ကျေးလက်ဒေသမှာ မီးလောင်ပါက ဆုံးရှုံးမှုတန်ဖိုးကြီးမြင့်သော ရွာလုံးကျွတ်လောင်ကျွမ်းသည့် မီးလောင်မှုကြီးအဖြစ်သို့ ရောက်ရှိတတ်ကြောင်း တွေ့ရှိရသည်။

ကျေးလက်ဒေသများ၌ မီးလောင်မှုစတင်ဖြစ်ပွားရသည့် အကြောင်းရင်းများမှာ-

(က) မီးဖိုတွင်မီးကြွင်းမီးကျန်ရှိခြင်း၊ မီးဖိုမီးကို လိုသည်ထက်ပို၍ သုံးစွဲခြင်း၊ မီးဖိုအသုံးပြုစဉ် အစောင့်မရှိခြင်း၊ ထင်းကျပ်တင်ခြင်း၊ ကျပ်ခိုးများသို့ မီးစွဲခြင်း၊ ဆီအိုးအပူလွန်ကဲခြင်း၊ မီးဖိုနှင့်ထရံအကာ နီးကပ်နေခြင်း၊ ဓာတ်ဆီ၊ ရေနံဆီနှင့် မီးမွှေးခြင်း၊ အသက်အရွယ်ကြီးရင့်သူ၊ မသန်မစွမ်းသူနှင့် ကလေးသူငယ်များမှ ချက်ပြုတ်ကြော်လှော်ခြင်းတို့ကြောင့် စတင်သည့် မီးဖိုမီးများ။

(ခ) ဘုရားမီး၊ နတ်မီး၊ အမွှေးတိုင်ထွန်းခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ဆေးလိပ်မီးမငြိမ်းဘဲ ချထားခြင်း၊ စွန့်ပစ်ခြင်း၊ နွားတဲတွင် မီးထည့်ခြင်း၊ ကလေးသူငယ်များ မီးဆော့ကစားခြင်း၊ မီးအသုံးပြုခြင်း၊ အောက်ခြေမညီညာ သောနေရာ၌ မီးခွက် မီးအိမ်ထား၍ မီးခွက်မီးအိမ်မှောက်ခြင်း၊ ခြင်ထောင်အနီး၌ မီးခွက်၊ ဖယောင်းတိုင်ထွန်းခြင်း၊ မီးခွက်၊ ဖယောင်းတိုင်ဖြင့် ကြမ်းပိုးရှာခြင်း၊ခြင်ရှာခြင်း၊ကြမ်းပိုး/ခြင်သတ်ခြင်း၊ လင်မယားရန်ဖြစ်ရာမှ မီးခွက်နှင့်ပေါက်ခြင်းစသည့် လူတို့ပေါ့ဆမှုကြောင့် စတင်သည့် ပေါ့ဆမီးများ။

(ဂ) တောအတွင်း ဆေးလိပ်တိုမီး၊ မီးဖိုမီးများ မငြိမ်းဘဲ စွန့်ပစ်ထားရှိခဲ့ခြင်း၊ တောအတွင်း ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်ခြင်း၊ ယာယီသုံးစွဲ သည့် မီးဖို၌ မီးကြွင်းမီးကျန်ကို မငြိမ်းဘဲ ထားခဲ့ခြင်း၊ မီးရှို့ပြီး တောခြောက်ခြင်း၊ သစ်ပင်သစ်ကိုင်းများ ပွတ်တိုက်ရာမှ အလိုအလျောက် မီးဖြစ်ပေါ်ခြင်း၊ သစ်ပင်များသို့ မိုးကြိုးပစ်ခြင်းတို့ကြောင့် စတင်သည့်တောမီးများ။

(ဃ) မသမာသူ၊ စိတ်ရောဂါရှိသူ၊ သောင်းကျန်းသူတို့မှ မီးရှို့ခြင်း၊ လင်မယားရန်ဖြစ်ပြီး မီးရှို့ခြင်း၊ လယ်ယာလုပ်ငန်းခွင်တို့၌ အမှိုက်များ၊ ရိုးပြတ်များ မီးရှို့ရာမှ စတင်လောင်သည့် ရှို့မီးများ။

(င) အမှိုက်ပုံ၊ ကောက်ရိုးပုံ၊ ဝါဂွမ်းပုံ၊ ဂုန်လျှော်ပုံတို့၌ အလိုအလျောက် အပူဖြစ်ပေါ်၍လောင်ခြင်း၊ မိုးကြိုးပစ်ရာမှ အလိုအလျောက်လောင်ခြင်း၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ စားသုံးဆီ စသည့် လောင်စာဆီများ စနစ်တကျထားသိုမှုမရှိခြင်း၊ မီးလောင်လွယ်သော လယ်ယာထွက်ကုန်များသိုလှောင်ခြင်းတို့ဖြင့် စတင်သည့် အလိုအလျောက်မီးများနှင့် လောင်စာမီးများ။

ကျေးလက်ဒေသများတွင် မီးလောင်မှုဖြစ်ပွားပါက မီးကူးစက်ပြန့်ပွားမှု လျင်မြန်ကာ မီးလောင်မှုကြီးများအဖြစ်သို့ရောက်ရှိပြီး ဆုံးရှုံးမှုတန်ဖိုးများ ရခြင်းကို လေ့လာသုံးသပ်လို့ရသည့် အချက်(၁၂)ချက်ရှိသည်။ ၄င်းတို့မှာ-

(က) မီးစတင်လောင်သည့်အချိန်တွင် မီးသတ်တပ်ဖွဲ့သို့ ချက်ချင်းအကြောင်း မကြားနိုင်ဘဲ မီးလောင်သတင်းပေးပို့မှု နောက်ကျခြင်း။

(ခ) မီးစတင်လောင်သည့် အချိန်တွင် ကျေးရွာအတွင်း၌ ကျန်းမာသန်စွမ်း၍ မီးငြိမ်းသတ်နိုင်သော တောင်သူလယ်သမားများ၊ ကျေးလက် အရန်မီးသတ် တပ်ဖွဲ့ဝင်များ လယ်ယာလုပ်ငန်းခွင်သို့ ရောက်ရှိနေခြင်း။

(ဂ) မြို့ပြရှိ မီးသတ်စခန်းနှင့် ဝေးလံသော ဒေသဖြစ်ခြင်း။

(ဃ) မီးငြိမ်းသတ်ရန် အဓိကကျသော ရေရရှိရေး ခက်ခဲခြင်း။

(င) လမ်းပန်းဆက်သွယ်ရေး ခက်ခဲကြမ်းတမ်းပြီး ကျေးရွာအတွင်းရှိ လမ်းများ ကျဉ်းမြောင်း၍ မီးသတ်ယာဉ်များဝင်ထွက်သွားလာနိုင်မှု မရှိခြင်း။

(စ) ခေတ်မီ မီးသတ်စက်နှင့်မီးသတ် ပစ္စည်းကိရိယာများ မရှိခြင်း။

ဗန်းမော်ခရိုင် ရွှေကူမြို့တွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတိပြုဆိုင်းဘုတ်ကို ဤသို့ စိုက်ထူခဲ့ကြသည်။

(ဆ) ရာသီဥတု အလွန်ပူပြင်းသော နွေရာသီကာလ၌ စိုထိုင်းဆ ရာခိုင်နှုန်း နည်းသည့်အချိန်တွင် မီးလောင်မှုဖြစ်ပွားလျှင် အချိန်အနည်းငယ်အတွင်း ဘေးပတ်ဝန်းကျင်ဒေသများသို့ လျင်မြန်စွာ ကူးစက်ပြန့်ပွားခြင်း။

(ဇ) ကျေးရွာရှိ အဆောက်အအုံများတွင် မီးကူးစက်ပြန့်ပွားရန် လွယ်ကူသော သစ်၊ ဝါး၊ ဓနိ၊ ထန်းလက်၊ အင်ဖက်၊ ကြံရွက်၊ သက်ငယ်များနှင့် ဆောက်လုပ်ထားခြင်း။

(ဈ) ကျေးရွာရှိ အဆောက်အအုံများ၌ မီးလောင်ရန်လွယ်ကူသည့် လောင်စာပစ္စည်းများ(ဥပမာ-ကောက်ရိုး၊ ပဲမှော်၊ဝါဂွမ်း၊ ဂုန်လျှော်များ ရှိနေခြင်း)။

(ည) လေပွေ၊ လေပြင်းများ ပြင်းထန်စွာ တိုက်ခတ်နေချိန် မီးလောင်မှု ဖြစ်ခြင်း။

(ဋ) မီးလောင်မှုဖြစ်ပွားချိန်သည် ကျေးရွာများ၌ ကောက်ပဲသီးနှံထွက်သည့် ကြွယ်ဝချိန်ဖြစ်ခြင်း။

မလှိုင်မြို့ မြို့မစည်ပင်သာယာရေးဈေးအတွင်း ဓာတုဗေဒပေါင်ဒါ မှုန့်ခြောက် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ရေး သရုပ်ပြခဲ့ကြစဉ်။

(ဌ) ကျေးလက်မီးဘေးလုံခြုံရေး စီမံချက် ရေးဆွဲထားမှု မရှိခြင်းနှင့် ရေးဆွဲထားပါကလည်း မီးသတ်ပညာအမြင်ရှုထောင့်၊ အသိတို့ဖြင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုမရှိခြင်း။

ပွင့်လင်းရာသီ ရောက်လာသည်နှင့်အညီ ကျေးလက်ဒေသ မီးများ နေရာဒေသမရွေး၊ အချိန်နာရီမရွေး လောင်ကျွမ်းဖြစ်ပေါ်နိုင်သည့်အတွက် ကျေးလက်ဒေသတွင် မီးမလောင်ရအောင်၊ မီးလောင်ခဲ့လျှင် ကျေးလက်ဒေသ မီးကြီးအဖြစ် မရောက်ရအောင် ကျေးလက်ဒေသ မီးလောင်မှုကြီးများကို လေ့လာသုံးသပ်ထားသည့် အောက်ဖော်ပြပါ သတင်းအချက်အလက်တွေကို သိရှိပြီး၊ ရေတို၊ ရေရှည်စီမံကိန်း ချမှတ်ပြီး ဆောင်ရွက်ဖို့ အကြံပြုတင်ပြချင်ပါသည်-

(င) ကျေးရွာအုပ်စုတစ်စုလျှင် ကိုယ့်အားကိုယ်ကိုး မီးသတ်ယာဉ်တစ်စီး (သို့မဟုတ်) အနည်းဆုံးအပေါ့စား မီးသတ်စက်ငယ်တစ်စီးနှင့် လိုအပ်သော မီးသတ်ပစ္စည်းကိရိယာများအပါအဝင် ဝယ်ယူထူထောင်ထားရှိရန်။ (လယ်ယာသုံး ရေစုပ်စက်အား မီးသတ်စက်ငယ်အဖြစ် ပုံစံပြောင်း၍ သုံးစွဲနိုင်ပါသည်။)

(စ) ဒေသအလိုက် တီထွင်အသုံးပြုထားသော ဒိန်းဒေါင်း(ဂွန်ဒေါင်း) ရေစည်တင်၊ ထော်လာဂျီ မီးသတ်စက်ကလေးများ၊ ရေရောင်း ရေသယ်ယာဉ်များကို မီးသတ်စက်အဖြစ်အသုံးပြုရန်။ (မြောင်းမြ၊ လပွတ္တာတို့တွင် အသုံးပြုလျက်ရှိသည်ကို တွေ့ခဲ့ပါသည်။)

(ဆ) မြေအောက်အဝီစိတွင်းမှ ရေကိုမှုတ်တင်ရယူပြီး ရေစုပ်စက်(ပန့်) ပူးတွဲတပ်ဆင်ထားသော ဒီဇယ် (သို့မဟုတ်) ဓာတ်ဆီသုံး အင်ဂျင်စက်ကို မောင်းနှင်ပေးကာ နေအိမ်သုံး(ငုံစုပ်စက်)များအား မီးသတ်စက်အဖြစ် အသုံးပြုရန်။ (ငါးသိုင်းချောင်း၊ အထောင်၊ ရှားခဲတို့တွင် အသုံးပြုလျက်ရှိသည်ကို တွေ့ရှိခဲ့ပါသည်။)

(ဇ) မီးသတ်ဦးစီးဌာနချုပ်မှ ဖွင့်လှစ်လျက်ရှိသော မီးသတ်သင်တန်းများသို့ အခါအားလျော်စွာ စေလွှတ်သင်ကြားလေ့ကျင့်ပြီး မီးသတ်ခေါင်းဆောင်ငယ်များအဖြစ် ပြုစုပျိုးထောင်ရန်။

ကျေးလက်ဒေသရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ ကျေးလက်အာဏာပိုင်အဖွဲ့အစည်းများ စုပေါင်းပြီး ကျေးလက်မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် အောက်ပါအကြံပြုချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသင့်ပါသည်။

(က) ကျေးလက်ဒေသရှိ ပြည်သူတိုင်း မီးကို သတိမမူ၊ ပေါ့ဆစွာ ကိုင်တွယ်အသုံးမပြုဘဲ အမြဲသတိဝီရိယနှင့် စနစ်တကျကိုင်တွယ် အသုံးပြုကြစေရန်အတွက် မီးသတိမူရေးဆိုင်ရာ လုပ်ငန်းများဖြစ်သော မီးသတိပေးစာတန်း၊ ဆိုင်းဘုတ်များ ချိတ်ဆွဲထားစေခြင်း၊ ကြော်ငြာကပ်ခြင်း၊ ပိုစတာကပ်ခြင်း၊ ပညာပေးဟောပြောခြင်း၊ နှိုးဆော်သတိပေးခြင်း၊ ရုပ်ရှင်၊ ကာတွန်း၊ ပညာပေးစာရွက်စာတမ်းများမှတစ်ဆင့် ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်။

ကျေးရွာ မီးမလောင်ဖို့ ကျေးရွာအာဏာပိုင်၊ ကျေးရွာသူ ကျေးရွာသားများ၊ သန္နမီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ဝင် အားလုံးက စုပေါင်းကာကွယ်သင့်။

ကျေးလက်ဒေသမီးဘေးလုံခြုံရေးအတွက်-

(က) ကျေးရွာအုပ်စုတစ်အုပ်စုမှာ ကျေးရွာမီးဘေးကြိုတင်ကာကွယ် တားဆီးရေးအဖွဲ့တစ်ဖွဲ့ စည်းရုံးဖွဲ့စည်းထားရှိရန်။

(ခ) ကျေးရွာအုပ်စုတစ်အုပ်စုတွင် အရန်မီးသတ်တပ်စုတစ်စုစီ ဖွဲ့စည်းထားရန်။

(ဂ) ဖွဲ့စည်းရရှိလာသည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များကို အကြိုအခြေခံမီးသတ်ပညာသင်တန်းများ ဖွင့်လှစ်ပို့ချရန်။ (သင်တန်းဖွင့်လှစ်နိုင်ရန်အတွက် ဒေသမီးသတ်ဦးစီးဌာန၏ အကူအညီရယူပါ။)

(ဃ) ကျေးလက်ဒေသရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်နှင့် ကျေးရွာသူ ကျေးရွာသားများအား အရေးပေါ်မီးငြိမ်းသတ်နည်းအပါအဝင် မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး၊ အတတ်ပညာပေး ဟောပြောပို့ချရန်။

(ခ) ကျေးရွာများတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးနိုင်စေရန်အတွက် မြေနေရာချထားခြင်းနှင့် အဆောက်အအုံများဆောက်လုပ်ခြင်းလုပ်ငန်းတို့၌ အဆောက်အအုံများကို တစ်အိမ်နှင့်တစ်အိမ် မနီးကပ်စေဘဲ စနစ်တကျအကွက်ချဆောက်လုပ်ရန်၊ ပုံမှန်လေတိုက်ခတ်တတ်သော လမ်းကြောင်းကို ကန့်လန့်ဖြတ်၍ ရွာ၏အိမ်တန်းများ ချမှတ် ဆောက်လုပ်ရန်။(ဥပမာ-တောင်မှမြောက်သို့ ပုံမှန်လေတိုက်ခတ်သော ဒေသတွင် အိမ်တန်းများကို အရှေ့မှအနောက်သို့တန်း၍ ဆောက်ခြင်း။) ရွာစည်းရိုး ပတ်လည်နှင့် အိမ်ခြံစည်းရိုးပတ်လည်၌ မီးတားဆီးနိုင်စွမ်းရှိသော သစ်ပင်များစိုက်ရန်၊ တောမီးနှင့် စိုက်ခင်း၊ ယာခင်းဟောင်းများ၊ မီးရှို့သော ရှို့မီးမှ ရွာသို့ မကူးစက်စေရန်အတွက် ရွာနှင့်လယ်ကွင်း

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ပြည်ထောင်စု အထက်တန်းကျောင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ယခင် ပြည်ထောင်စုအထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ၁၀၆လမ်း အမှတ်(၂၄-ဒီ)ရှိ ဆရာကြီး ဦးတိုးအောင်၏ နေအိမ်၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

အဆိုပါ အာစရိယပူဇော်ပွဲသို့ ဆရာဟောင်းများ၊ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဗိုလ်မှူးကြီးဗဟိန်း(ငြိမ်း) ဖုန်း-၆၆၀၇၃၁၊ ဗိုလ်မှူးမောင်သိန်း(ငြိမ်း) ဖုန်း-၅၇၂၀၁၅၊ ဦးဘညွန့်ဦး ဖုန်း-၆၈၄၇၆၁၊ ဦးထွန်းမြင့် ဖုန်း-၀၅၆-၂၁၄၇၃၊ ဦးအေးဖေ ဖုန်း-၃၇၉၆၄၇၊ ဒေါက်တာအေးဖေ ဖုန်း-၆၄၂၁၅၅နှင့် ဦးဝင်းကြည် ဖုန်း-၅၇၃၁၉၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်ရေးချုပ်ရုံး ရေး-၂(ခ) ဝန်ထမ်းဟောင်းများနှင့် မိသားစုများ စုပေါင်း၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် နှင်းဆီကုန်း ဘိုးဘွားရိပ်သာသို့ တတိယအကြိမ်မြောက်အဖြစ် ဆွမ်းပဒေသာပင် အလှူငွေကျပ် တစ်သိန်းသုံးသောင်းကို ဇန်နဝါရီ ၁၈ရက်က ဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကို ရန်ကင်းမြို့နယ်ရှိ ဆည်မြောင်း ဦးစီးဌာနရုံးချုပ်ခန်းမ၌ ဇန်နဝါရီ ၁၈ရက်က ကျင်းပရာ အသက် ၉၀ကျော် ပုဂ္ဂိုလ်နှစ်ဦးအပါအဝင် သက်ကြီးပုဂ္ဂိုလ် ၇၁ဦး တက်ရောက်ကြပြီး အသင်းဥက္ကဋ္ဌ ဦးသန်းငွေးက အမှုဆောင်သစ် ပြန်လည်ရွေးချယ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (မြန်မာ့အလင်း)

အာဆီယံဒေသအတွင်းရှိ ယဉ်ကျေးမှု ဝတ္ထုပစ္စည်းများ တရားမဝင်လွှဲပြောင်းခြင်းနှင့် တရားမဝင်ကူးသန်းရောင်းဝယ်ခြင်း

ကာကွယ်တားဆီးရေး အလုပ်ရုံဆွေးနွေးပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၁

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် အာဆီယံဒေသအတွင်းရှိ ယဉ်ကျေးမှုဝတ္ထုပစ္စည်းများ တရားမဝင်လွှဲပြောင်းခြင်းနှင့် တရားမဝင် ကူးသန်းရောင်းဝယ်ခြင်း ကာကွယ်တားဆီးရေး အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၈ရက် နံနက် ၉နာရီခွဲက မန္တလေးတိုင်း ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပုဂံနန်းမြင့်မျှော်စင် အစည်းအဝေးခန်းမ၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။

အကြံပြုဆွေးနွေး

အလုပ်ရုံဆွေးနွေးပွဲတွင် မလေးရှားနိုင်ငံမှ Mr. Khalid Bin Syed Ali၊ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းနှင့် ရှေ့နေချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လွင်လွင်သန်း၊ ဖိလစ်ပိုင်သမ္မတနိုင်ငံမှFr. Harold Lianeta Rentoria, OSA၊စင်ကာပူသမ္မတနိုင်ငံမှ Ms. Heidi Tan၊ ထိုင်းနိုင်ငံမှ Mr. Pongthom Hiengkaew၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ Mrs. Khoa Thi Khanh Chiတို့က စာတမ်းများကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက မေးမြန်းအကြံပြု ဆွေးနွေးကြသည်။

လေ့လာ

အာဆီယံ ကိုယ်စားလှယ်များသည် ယနေ့ နံနက်ပိုင်းတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရွှေစည်းခုံ၊ အာနန္ဒာ၊ ဝက်ကြီးအင်း၊ ဂူပြောက်ကြီးဘုရားနှင့် ပုဂံရှေးဟောင်းသုတေသနပြတိုက်တို့သို့ သွားရောက် လေ့လာကြသည်။

ပြန်လည်သုံးသပ်

မွန်းလွဲပိုင်းတွင် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေး အမျိုးသားကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်မောင်ညွန့်က အာဆီယံနိုင်ငံအသီးသီးမှ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ၏ ဆွေးနွေးတင်ပြချက်များ၊ အကြံပြုချက်နှင့် မေးမြန်းဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

တည်ခင်း

ညပိုင်းတွင် အာဆီယံကိုယ်စားလှယ်များအား အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေး အမျိုးသား ကော်မတီဥက္ကဋ္ဌက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

စစ်တွေ ကျေးလက်လမ်း ကျောက်ချောလမ်းခင်း

စစ်တွေ ဇန်နဝါရီ ၂၁

စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော သင်ပုန်းတန်းကျေးရွာလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဖုန်းလွင်နှင့် လုပ်ငန်းဆောင်ရွက်သူ အင်ဂျင်နီယာက ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(မြို့နယ်စည်ပင်)**

သာပေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် (မြို့ပြ)ရုံးပေါင်းစုံ လမ်းကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း၌ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမင်းကျော်ခိုင်က လုပ်ငန်းဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၂၉ရက်က အမှုဆောင်အရာရှိ ဦးအောင်သူဝင်းက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စာမျက်နှာ ၁၀ ဆောင်းပါးမှ

အကြား၊ စိုက်ခင်းနှင့် သစ်တောများအကြား၌ မီးတားလမ်းများ ဖောက်လုပ် ထားရှိရန်။ နေအိမ်အဆောက်အအုံအတွင်း မီးအများဆုံး သုံးစွဲသော နေရာ(သို့မဟုတ်) မီးဖိုခန်းများ၌ အမိုးမနိမ့်စေရန်၊ နံရံ၊ အမိုးနှင့် မီးဖိုအကြားတွင် မီးကူးစက်ရန် ခဲယဉ်းသောပစ္စည်းများ ကြားခံထားရန်၊ မီးဖိုခန်း၌ အမှိုက်သရိုက်များ၊ မီးလောင်လွယ်သော ပစ္စည်းကိရိယာမရှိအောင် အမြဲရှင်းလင်းထားရန်တို့ လိုအပ်ကြောင်း အသိပညာပေး၍ ဟောပြောဆွေးနွေးရန်။

(ဂ) သင့်လျော်သော မီးသတ်ပစ္စည်းကိရိယာများ ထားရှိကြရေးအတွက် လူနေအိမ်နှင့် အဆောက်အအုံများတွင် မီးချိတ်၊ မီးကပ်၊ မီးရိုက်တုတ်၊ ရေပုံး၊ သဲပုံး၊ ဂုန်နီအိတ်၊ ရေအိုး၊ ပလတ်စတစ်ရေအိတ်၊ ပေါက်တူး၊ ပေါက်ချွန်း၊ ထွန်ခြစ်၊ ပေါက်ပြား၊ ဂေါ်ပြား၊ လှေကား စသည့်အရေးပေါ် မီးသတ်ပစ္စည်း ကိရိယာများပါဝင်သော မီးသတ်စင် (Fire Point)များ အသင့်ထားရှိရန်၊ မီးငြိမ်းသတ်ရန် လိုအပ်သောရေ အမြဲရှိရေးအတွက် ကြိုတင်စီစဉ်ပြီး ရေအမြဲသိုလှောင်ထားရန်၊ ကျေးရွာအတွက် အနီးစပ်ဆုံး ရေရှိနိုင်သော နေရာများနှင့် လမ်းကြောင်းများ ရှာဖွေသတ်မှတ် စီစဉ်ထားရန်၊ လိုအပ်ပုံများကိုလည်း အသိပညာပေးမှုများ ဆောင်ရွက်ရန်။

(ဃ) လယ်ယာထွက်ကုန်ပစ္စည်းများ စနစ်တကျ သိမ်းဆည်းသိုလှောင်ထားကြရေးအတွက် ပစ္စည်းများသိုလှောင်ရာတွင် မီးလောင်လွယ်သော ပစ္စည်း၊ အလိုအလျောက် ဓာတ်ပြုပေါက်ကွဲမှုကြောင့် တငွေ့ငွေ့နှင့် စတင်မီးလောင်နိုင်သော ပစ္စည်းများအကြောင်း ခွဲခြားသိရှိ နားလည်ကြရေး၊ သိုလှောင်မှုဆိုင်ရာ စည်းကမ်းချက်၊ အမိန့်များနှင့်အညီ လိုက်နာဆောင်ရွက်ကာ စနစ်တကျ သိမ်းဆည်းသိုလှောင်ကြရေးတို့ကို ပညာပေးဟောပြော ပို့ချရန်။

(င) မီးဘေးကင်းဝေးစေရန်အတွက် မီးကင်းများ ဖွဲ့စည်း၍ စောင့်ကြပ်ကာကွယ်ရန်၊ မီးဖိုများတွင် အကာအကွယ်ထားအသုံးပြုရန်၊ ချက်ပြုတ်ချိန်၌ မီးဖိုအနီး လူစောင့်ထားရန်၊ နွေရာသီလေပြင်းတိုက်ချိန်၌ မြေကျင်းမီးဖိုနှင့် ချက်ပြုတ်ရန်၊ အမှိုက်သရိုက်များကို စနစ်တကျ ရှင်းလင်းစွန့်ပစ်ရန်၊ ကောက်ရိုး၊ ပဲမှော်၊ ဝါဂွမ်း၊ ဂုန်လျှော်စသော မီးလောင်လွယ်သည့် ပစ္စည်းများ၊ လောင်စာဆီများကို စနစ်တကျသိုလှောင်ရန်၊ ချက်ပြုတ်ချိန် သတ်မှတ်ရန်၊ သတ်မှတ်ချက်အပေါ် လိုက်နာမှုရှိ မရှိစစ်ဆေးရန်၊ မီးဘေးကာကွယ်ရေး စည်းကမ်းနှင့်အမိန့်များ (ဥပမာ-လမ်းသွားရင်းဆေးလိပ် မသောက်ရ၊ ချက်ပြုတ်ပြီးပါက မီးကိုသေချာစွာ ငြိမ်းသတ်ပါ၊ မီးဘေးကာကွယ်ရေးအတွက် မီးသတ်ပစ္စည်းကိရိယာများထားရှိပါ စသည်တို့ကို ထုတ်ပြန်ရန်။) အမိန့်နှင့် စည်းကမ်းများအပေါ် စနစ်တကျ လိုက်နာဆောင်ရွက်မှုရှိမရှိ စစ်ဆေးပြီး အရေးယူဆောင်ရွက်ရန်နှင့် တောင်သူလယ်သမားများ လုပ်ငန်းခွင်သွားချိန်၌ ရွာအတွင်း မီးဘေးလုံခြုံရေး အထူးအစီအစဉ်များချမှတ်ကာ ရွာစောင့်များ အလှည့်ကျ ချထားခြင်းတို့ကို ကျေးရွာမီးဘေးကြိုတင် ကာကွယ်တားဆီးရေးအဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့တို့မှ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဆောင်ရွက်ရန်။

(စ) ကျေးလက်ဒေသတွင် မီးလောင်မှုဖြစ်က စနစ်တကျ ကာကွယ်ငြိမ်းသတ်မှု ဆောင်ရွက်နိုင်ရန်အတွက် လုံခြုံရေးအဖွဲ့၊ ကယ်ဆယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး၊ ရွှေ့ပြောင်းပေးရေးအဖွဲ့၊ မီးငြိမ်းသတ်ရေးအဖွဲ့ (၃)ဖွဲ့ကို ဖွဲ့စည်းထားရှိစေကာ အဖွဲ့အလိုက် ကိုယ်စီတာဝန်များ သတ်မှတ်ပြီး ကြိုတင် ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ထားကြရန်။

(ဆ) ကျေးလက်ဒေသတွင် မီးလောင်မှုဖြစ်က အသင့်ထားရှိသော မီးချိတ်၊ မီးကပ်၊ မီးရိုက်တုတ်များနှင့် ရိုက်ပုတ်ငြိမ်းသတ်နည်း၊ မီးလောင်ရာအနီးရှိ လောင်စာဆီ၊ မီးလောင်လွယ်သောပစ္စည်းများကို ဝေးရာသို့ ဖယ်ရှားရွှေ့ပြောင်း၍ မီးကူးစက်မှုမရှိအောင် ဆောင်ရွက်ရေး၊ မြက်ခြောက်မီး၊ ကောက်ရိုးမီးများဖြစ်ပါက နေအိမ်အဆောက်အအုံများသို့ မီးမကူးစက်အောင် မီးတားလမ်းပြုလုပ်ပြီး ကန့်သတ်နည်း၊ တောမီးလောင်မှုဖြစ်က မီးတားလမ်း အစပ်မှ တန်ပြန်မီးရှို့ပြီး ကန့်သတ်နည်း၊ တဲအိမ်၊ ကောက်ရိုးပုံလောင်သော မီးဖြစ်က ဖြိုဖျက်၍ ငြိမ်းသတ်နည်း၊ ရေကိုရေပုံးဖြင့် စနစ်တကျ လက်ဆင့်ကမ်း သယ်ယူငြိမ်းသတ်နည်း၊ မီးသတ်စက်ငယ်ဖြင့် ရေကန်မှ ရေစုပ်ယူ ငြိမ်းသတ်နည်းများကို ဟောပြောပို့ချမှု၊ သရုပ်ပြမှု၊ လက်တွေ့သင်ကြားပေးမှုများ ဆောင်ရွက်ရန်။

(ဇ) ကျေးလက်ဒေသများတွင် မီးလောင်မှုဖြစ်က အချက်ပေး မီးလှန့်သံချောင်းခေါက်ခြင်း၊ သက်ဆိုင်ရာ အနီးဆုံးမီးသတ်စခန်းသို့ အမြန်ဆက်သွယ်သတင်းပို့ခြင်း၊ ကြိုတင်ပြင်ဆင် လေ့ကျင့်ထားသည့်အတိုင်း ရွာရှိ မီးငြိမ်းသတ်ရေးအဖွဲ့၊ ကယ်ဆယ်ရေးနှင့် သယ်ယူပို့ဆောင် ရွှေ့ပြောင်းရေးအဖွဲ့၊ လုံခြုံရေးအဖွဲ့များက အဖွဲ့လိုက် လုပ်ငန်းများ ဆောင်ရွက်ကာ မီးသတ်စက်ယာဉ်များ ရောက်ရှိလာသည့်အခါ ကူညီဆောင်ရွက်ခြင်းများဆိုင်ရာ လုပ်ငန်းများကိုလည်း အသိပညာပေးမှုများ ဆောင်ရွက်ရန်။

(ဈ) ကျေးရွာအုပ်စုတစ်စုလျှင် မီးသတ်ယာဉ်၊ အပေါ့စား မီးသတ်စက်တစ်လုံးနှင့် လိုအပ်သော မီးသတ်ပစ္စည်းကိရိယာများကို ကိုယ့်အားကိုယ်ကိုး အစီအစဉ်ဖြင့်ဝယ်ယူကာ စနစ်တကျ အသင့်ထားရှိစေရန်အတွက် စည်းရုံးရေး၊ လိုအပ်သော မီးသတ်စက်နှင့် ပစ္စည်းကိရိယာများ ဝယ်ယူရရှိရေးတွင် ကူညီစီမံပေးရေးလုပ်ငန်း၊ မီးသတ်ယာဉ်၊ မီးသတ်စက်နှင့် မီးသတ်ပစ္စည်းကိရိယာများ ရရှိလာသည့်အခါ မီးသတ်ယာဉ်၊ စက်၊ ပစ္စည်းကိရိယာများ ကိုင်တွယ် အသုံးချနည်း၊ ထိန်းသိမ်းစောင့်ရှောက်နည်းများကိုလည်း လိုအပ်သလို သင်ကြားပေးသွားရန်။

မီးကာကွယ်ရေးအတွက် သုံးစွဲသည့်ငွေသည် အကျိုးရှိစွာ ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပြီး မီးကာကွယ်ခြင်းကြောင့် ရရှိမည့်အကျိုးကျေးဇူးမှာ ကာမိမှ ကာမိမည်ဟု သံသယဖြစ်ဖွယ်မရှိသော (အရင်းမဆုံးသောငွေ)ဖြစ်သည်။

မီးလုံးဝမလောင်အောင် အများက မီးကို သတိမမူ၊ ပေါ့ဆစွာကိုင်တွယ်အသုံးမပြုဘဲ သတိဝီရိယနှင့်စနစ်တကျ ကိုင်တွယ်အသုံးပြုရန်၊ မီးသတိမူကြဖို့ မီးဘေးရှောင်-မလောင်ခင်တား အကြံပြုချက်များကို တိကျစွာလိုက်နာဆောင်ရွက်ကြရန်၊ ကျေးရွာမီးမလောင်ဖို့ ကျေးရွာအာဏာပိုင်၊ ကျေးရွာသူကျေးရွာသားများ၊ သန္ဓေမီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ဝင်အားလုံးက စုပေါင်းကာကွယ်သင့်ပါကြောင်း တိုက်တွန်းဆော်ဩလိုက်ရပါသည်။ ။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ဌာပနာတော်ပစ္စည်းများ ပူဇော်လှူဒါန်းနိုင်ရန်

အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန် နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိသည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ သတ္တဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာ၊ အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ အခမ်းအနားများကို မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့ (၉-၂-၂၀၀၉ ရက်)တွင် ကျင်းပသွားရန် စီစဉ်ထားရှိပါသည်။

သို့ပါ၍ စေတီတော်မြတ်ကြီး၌ ဌာပနာတော်ထည့်သွင်းပူဇော်လှူဒါန်းလိုသူ စေတနာရှင် ရဟန်းရှင်လူပြည်သူများအနေဖြင့် လှူဒါန်းပစ္စည်းများအား အောက်ပါ ပုဂ္ဂိုလ်/ဌာနများသို့ အချိန်မီ ဆက်သွယ်ပေးပို့လှူဒါန်းပူဇော်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည် -

(က) ဗိုလ်မှူးကြီးသိန်းညွန့်၊ ဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၀၉၀၂၃၊ ၀၆၇-၄၀၉၃၆၃

(ခ) ဗိုလ်ချုပ်သန်းဋ္ဌေး၊ ညွှန်ကြားရေးမှူး၊ ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး လုပ်ငန်းကော်မတီ)
ဖုန်း-၀၃၆-၃၁၀၃၀၊ ၀၃၆-၃၁၀၅၀

(ဂ) ဗိုလ်မှူးကြီးတင်ငွေ၊ ဒုတိယဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန (အဖွဲ့ဝင်၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၀၉၃၆၈

(ဃ) ဗိုလ်မှူးကြီးကံချွန်
(အတွင်းရေးမှူး၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ)
ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၀၆၇-၄၁၄၂၀၂

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား

လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တပေါင်းပွဲတော်တွင် ကျင်းပမည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်မည့် အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြီးစီးမည့်အချိန်နှင့် ကိုက်ညီပြီး နေပြည်တော်၌ ကျင်းပမည် ဖြစ်ပါသည်။

လှူဒါန်းနိုင်

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင်ကပ်လှူရန် ရွှေပြား (၁ပေ×၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့် ရွဲများတွင်ကပ်လှူရန် ရွှေပါးလွှာ (၁ပေ×၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း
(၃) ကျောက်ပြား(မာဘယ်) (၂ပေ×၂ပေ)	၂၂၈၁၉ ချပ်	၁ ချပ်	ကျပ် ၂၂၀၀၀ နှုန်း
(၄) စကျင်ကျောက် (၂ပေ×၂ပေ)	၁၀၀၈၈၉ ချပ်	၁ ချပ်	ကျပ် ၁၃၀၀၀ နှုန်း
(၅) မြစ်သားကျောက် (၂ပေ×၂ပေ)	၂၄၇၈၆ ချပ်	၁ ချပ်	ကျပ် ၁၃၀၀၀ နှုန်း

ဆက်သွယ်နိုင်

လှူဒါန်းလိုသူများသည် **"ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီ"** အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄ ၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

သစ်တောနှင့် သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

မန်ယူနှင့် ဒဏ်ရာရဘောလုံးသမားများ

မောင်မောင်မြင့်ဆွေ ရေးသားတင်ပြ၍ ဘိုဘိုမင်း စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဇန်နဝါရီ ၂၁

ကားလင်းဖလားအကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ် မန်ယူနဲ့ ဒါဘီတို့ ဇန်နဝါရီ ၂၁ရက်က ယှဉ်ပြိုင်တဲ့ပွဲမှာ မန်ယူတို့ အိုးထရက်ဖို့ဒ်မှာ လေးဂိုး-နှစ်ဂိုးနဲ့ နိုင်ပွဲရရှိခဲ့ပေမယ့် ဒဏ်ရာရကစားသမားတွေများခဲ့လို့ နည်းပြကြီးဖာဂူဆန် စိတ်အနှောင့်အယှက် ဖြစ်နေရပါတယ်။

ကားလင်းဖလား နောက်ဆုံးဗိုလ်လုပွဲကိုတက်ရောက်နိုင်ခဲ့လို့ မန်ယူရဲ့ ကားလင်းဖလားရယူရေးဟာ လက်တစ်ကမ်းအကွာကို ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ ဒါပေမယ့် လာမယ့် ဇန်နဝါရီ ၂၄ရက်မှာ ယှဉ်ပြိုင်ရမယ့် အက်ဖ်အေဖလား စတုတ္ထအဆင့်ပြိုင်ပွဲအဖြစ် စပါးနဲ့ ကစားရမယ့်ပွဲအတွက် ဖာဂူဆန် ရင်ပူစရာဖြစ်နေရပါတယ်။

တက်ရောက်နိုင်ခဲ့

လောလောဆယ်မှာ မန်ယူကွင်းလယ်ကစားသမား အန်ဒါဆင်၊ နာနီ၊ နဗီးလ်နဲ့ အီဗန်တို့ ဒဏ်ရာတွေရရှိနေကြပါတယ်။ ဒါဘီအသင်းကို အနိုင်ရအောင်ကစားခဲ့တဲ့ပွဲမှာ ဒဏ်ရာရရှိခဲ့တာနဲ့ပတ်သက်ပြီး "ဒါဘီအသင်းကိုအနိုင်ရပြီး နောက်ဆုံးဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့တာကတော့ ဝမ်းသာစရာပါ။ ဒါပေမယ့် ဒီပွဲအောင်မြင်ဖို့ ပေးဆပ်မှုများခဲ့ပါတယ်။ ကျွန်တော့်ကစားသမားတွေ လေးဦးလောက် ဒဏ်ရာရရှိခဲ့ကြတယ်" လို့ ဖာဂူဆန်က ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ဒဏ်ရာရရှိ

ဖာဂူဆန်အနေနဲ့ အက်ဖ်အေဖလား စတုတ္ထအဆင့်ပွဲစဉ်အဖြစ် စပါးနဲ့ကစားရမယ့်ပွဲမှာ ဖာဒီနန်၊ ဝက်စ်ဘရောင်း၊ ရှုန်နေ၊ အီဗရာတို့လည်း ဒဏ်ရာတွေရရှိနေလို့ ပါဝင်ကစားနိုင်ဖွယ် မရှိဘူးလို့ ဆိုပါတယ်။ ဖာဂူဆန်ဟာ စပါးနဲ့ပွဲမှာ အမာခံဘောလုံးသမား ခုနစ်ဦးလောက် ထည့်သုံးလို့ရမှာမဟုတ်တာမို့ ခက်ခက်ခဲခဲတော့ ရင်ဆိုင်ရမယ့် အနေအထားပါပဲ။

ဒဏ်ရာရကစားသမားများကြောင့် စိတ်အနှောင့်အယှက် ဖြစ်နေရသည့် နည်းပြ ဖာဂူဆန်။

ဒါပေမယ့် လူငယ်ဘောလုံးသမားတွေကို အချိန်ပိုင်းထည့်သွင်းကစားခဲ့တဲ့ ဖာဂူဆန်ဟာ အခုလိုအသင်းမှာ ဒဏ်ရာရကစားသမားတွေများနေတဲ့ အချိန်မှာ အသင့်ဖြစ်စေခဲ့တာမို့ စိုးရိမ်စရာတော့ မရှိပါဘူးလို့ ဖာဂူဆန်ကဆိုနေပါတယ်။

ပြောကြား

မန်ယူအသင်းမှာ လူငယ်ခြေတက်ဘောလုံးသမားတွေဖြစ်တဲ့ ဂစ်ဆင်နဲ့ ဝဲလ်ဘက်တို့လို ကစားသမားတွေက အသင့် ထည့်သွင်းကစားလို့ရတဲ့ အနေအထား ရောက်ရှိနေတာမို့ ကစားကွက်မပျက်ဘဲ စပါးကိုအနိုင်ယူလို့ရမှာပါလို့ ဖာဂူဆန်က ပြောကြားနေပါတယ်။

ဆုံတွေ့

မန်ယူနဲ့စပါးတို့ကတော့ ထူးခြားတဲ့ဆုံတွေ့မှုအဖြစ် အက်ဖ်အေဖလား စတုတ္ထအဆင့်ပွဲစဉ်မှာ ဆုံတွေ့တာဟာ နှစ်သင်းစလုံးရဲ့ အခြေအနေကို ကြိုတင်အကဲခတ်သုံးသပ်လို့ရနိုင်မယ့် အနေအထားပါပဲ။ ဒီပွဲဟာ ကားလင်းဖလားနောက်ဆုံးဗိုလ်လုပွဲကို စပါးတက်လာခဲ့ရင် ကြိုတင်အားပြိုင်မှု တစ်ရပ်လည်း ဖြစ်နေမှာဖြစ်တယ်။

အကြိတ်အနယ်

မန်ယူနည်းပြဖာဂူဆန်ကတော့ "ဒီနှစ်ဘောလုံးရာသီမှာ ဖလားတွေရသလောက်ယူမယ်" လို့ပြောကြားနေပါတယ်။ မန်ယူအနေနဲ့ ဒီနှစ်ဘောလုံးရာသီမှာ ရယူဖို့ကြိုးစားရမယ့် ဖလားတွေကတော့ လောလောဆယ်မှာ နောက်ဆုံးဗိုလ်လုပွဲ ရောက်ရှိနေပြီဖြစ်တဲ့ ကားလင်းဖလား အပြင် အက်ဖ်အေဖလား၊ ပရီမီယာလိဂ်ဖလားနဲ့ ချန်ပီယံလိဂ်ဖလားတွေမှန်းနေပေမယ့် အကြိတ်အနယ်ဖြတ်ကျော်ရမယ့် အနေအထားရှိနေပါတယ်။

စောင့်ကြည့်

အခုလောလောဆယ် ရင်ဆိုင်ရမယ့် အက်ဖ်အေဖလား စတုတ္ထအဆင့် စပါးနဲ့ပွဲမှာ ဒဏ်ရာရကစားသမားတွေများနေတဲ့ မန်ယူနဲ့ ခြေပျက်ပြီး တန်းစီဇယားအောက်ဆုံးရောက်နေတဲ့ စပါးတို့ ဘယ်လိုကစားကြမယ် ဆိုတာကိုတော့ စောင့်ကြည့်ရမှာ ဖြစ်ပါကြောင်း။ ။

(အင်တာနက်)

လက်ဝှေ့ကျော် ဘာတို ကိုလာဇိုအား အနိုင်ထိုးသတ်

လန်ဒန် ဇန်နဝါရီ ၂၁

ရှုံးပွဲမရှိသေးသော အမေရိကန် ဝယ်လ်တာဝိတ်လက်ဝှေ့သမား အန်ဒရီဘာတိုသည် အမေရိကန်နိုင်ငံ ဘီလိုဆီမြို့တွင် လူးဝစ်ကိုလာဇိုအား ဒိုင်လူကြီးများ၏ တညီတညွတ်တည်းသော ဆုံးဖြတ်ချက်အရ အမှတ်ဖြင့်အနိုင်ရရှိကာ ၎င်း၏ဒဗလျူဘီစီ ကမ္ဘာ့လက်ဝှေ့သရဖူကို ကာကွယ်နိုင်ခဲ့သည်။

အနိုင်

၂၄ပွဲ ရှုံးပွဲမရှိ စံချိန်တင်ထားသူ ဘာတိုသည် ၁၁၄-၁၁၃၊ ၁၁၄-၁၁၃နှင့် ၁၁၆-၁၁၁ စသည့် အမှတ်ကွာခြားချက်အရ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဘာတိုသည် ဖလိုက်မေဝဲလ်သား ထွက်သွားမှုကြောင့် လစ်လပ်နေသော ဒဗလျူဘီစီ ကမ္ဘာ့လက်ဝှေ့သရဖူကို ရယူနိုင်ရန်အတွက် ၂၀၀၈ ခုနှစ် ဇွန်လက မက္ကဆီကိုလက်ဝှေ့သမား မီဂွယ်အိန်ဂျယ်ရီဒရီဂူယက်ဇ်နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာတွင် ခုနစ်ချီမြောက်၌ အနိုင်ရရှိပြီး သရဖူကို ဆွတ်ခူးထားခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)



လီဗာပူးမှ ပင်းနန့်အား ပို့စ်မောက်မှ ခေါ်ယူ

လန်ဒန် ဇန်နဝါရီ ၂၁

ပို့စ်မောက်အသင်းသည် လီဗာပူး တောင်ပံကစားသမား ပင်းနန့်အား ယခုနှစ်ဘောလုံးရာသီကုန်သည့်တိုင်အောင် အငှားစာချုပ်ချုပ်ဆို ခေါ်ယူလိုက်ပြီ ဖြစ်သည်။

ဆက်သွယ်

အသက် ၂၆နှစ်ရှိ ပင်းနန့်သည် ယခုဘောလုံးရာသီတွင် လီဗာပူးအသင်းအတွက် လေးပွဲသာ ပွဲထွက်ခွင့်ရခဲ့ပြီး ၎င်းအား ခေါ်ယူရန် ရီးရဲမက်ဒရစ်က ဆက်သွယ်လျက်ရှိသည်။ ပင်းနန့်သည် နော့တ်ကောင်တီအသင်းတွင် ဘောလုံးသမားဘဝကိုစတင်ခဲ့ပြီး ၁၉၉၉ခုနှစ် ၁၅နှစ်အရွယ်တွင် အာစင်ဝင်းဂါးက ပေါင်နှစ်သန်းဖြင့် ဝယ်ယူခဲ့သည်။ သူသည် လီဗာပူးသို့ အမြဲတမ်းစာချုပ်ဖြင့် မရောက်ရှိမီ အာစင်ဝင်းဂါးက ဝက်ဖို့ဒ်၊ လိဒ်နှင့် ဘာမင်ဂမ်သို့ အငှားချထားခဲ့သည်။ ၂၀၀၆ခုနှစ်တွင် ပြောင်းရွှေ့ကြေး ပေါင် ၆ဒသမ၇သန်းဖြင့် လီဗာပူးသို့ ပြောင်းရွှေ့ခဲ့ကာ လီဗာပူး၌ ပွဲပေါင်း ၈၁ပွဲ ပါဝင် ကစားပေးခဲ့သူဖြစ်သည်။ **(အင်တာနက်)**

အေအိုင်ဂျီကုမ္ပဏီ မန်ယူနှင့် စာမချုပ်တော့ဟုဆို

လန်ဒန် ဇန်နဝါရီ ၂၁

မန်ယူအသင်းနှင့် ၂၀၁၀ ပြည့်နှစ် မေလတိုင်အောင် ဘောလုံးဝတ်စုံ ရှပ်အင်္ကျီများအတွက် တာဝန်ယူစာချုပ်ချုပ်ဆိုထားသည့် အေအိုင်ဂျီအာမခံကုမ္ပဏီသည် စီးပွားရေး အခက်အခဲကြောင့် ယင်းစာချုပ်သက်တမ်း ကုန်ဆုံးပါက မန်ယူနှင့် စာချုပ်သစ်ထပ်မံချုပ်ဆိုတော့မည် မဟုတ်ကြောင်း သတင်း၌ဖော်ပြသည်။

ဝီဂန်ကွင်းလယ်ကစားသမား ပါလာစီယို့စ်အား စပါးမှ ပေါင် ၁၄ သန်းဖြင့်ခေါ်ယူမည်

လန်ဒန် ဇန်နဝါရီ ၂၁

စပါးအသင်းသည် ဝီဂန်ကစားသမား ဝီလ်ဆင်ပါလာစီယို့စ်အား ပြောင်းရွှေ့ကြေး ပေါင် ၁၄ သန်းဖြင့် ခေါ်ယူစာချုပ်ရန် ဝီဂန်အသင်းနှင့် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည်။

ခြေစွမ်းပြ

ဝီဂန်နှင့် ဟွန်ဒူးရပ်စ်ကွင်းလယ်ကစားသမား ပါလာစီယို့စ်သည် ပြောင်းရွှေ့ရေး သဘောတူညီမှု ရရှိပြီးနောက် ဆေးစစ်မှုအောင်မြင်ကာ အလုပ်လုပ်ခွင့် ပါမစ်ရရှိပါက အပြီးသတ်အပြောင်းအရွှေ့ စာချုပ်ချုပ်ဆိုမည်ဖြစ်သည်။ အသက် ၂၄ နှစ်ရှိ ပါလာစီယို့စ်သည် ဒီပို့တီဗိုအသင်းမှ ပေါင်တစ်သန်းဖြင့် သုံးနှစ်ခွဲစာချုပ်ပြီးနောက် ၂၀၀၈ခုနှစ် ဇန်နဝါရီကတည်းက ဝီဂန်၌ ခြေစွမ်းပြကစားနေသူဖြစ်သည်။ **(အင်တာနက်)**

သဘောတူညီ

အေအိုင်ဂျီ ကုမ္ပဏီသည် ၎င်း၏ကုမ္ပဏီကို ဘောလုံးရှပ်အင်္ကျီတွင် ကြော်ငြာခအဖြစ် မန်ယူအသင်းအား တစ်နှစ်လျှင် ပေါင် ၁၄သန်းဖြင့် လေးနှစ်စာ ပေးဆောင်ရန်သဘောတူညီခဲ့ပြီး မန်ယူအသင်း၏ ဘဏ္ဍာရေးလည်ပတ်ရန်အတွက် တစ်နှစ်လျှင် ပေါင်ငါးသန်း ထည့်ဝင်ပေးရန် သဘောတူစာချုပ် ချုပ်ဆိုထားခဲ့ကြောင်း သိရသည်။ (အင်တာနက်)

ချစ်စိုးနိုင် စုစည်းသည်

22-1 (12).pmd 1 1/22/2009, 1:56 AM

မုံရွာဖလား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ပြိုင်ပွဲတွင် ဦးဆောင်ကစားလျက်ရှိသော မင်းနိုင် (Srixon)။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

မုံရွာဖလား ဖိတ်ခေါ်ဂေါက်သီးရိုက် ပြိုင်ပွဲ တတိယနေ့ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် မုံရွာဂေါက်ကလပ်တို့က ကြီးမှူး၍ မုံရွာဖလား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့ နံနက် စနာရီခွဲတွင် စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ မုံရွာဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

ဦးဆောင်

တတိယနေ့ ၁၈ကျင်းပြိုင်ပွဲအပြီးတွင် Professional Golfers ပြိုင်ပွဲ၌ မင်းနိုင် (Srixon)ကပင် သုံးရက်ပေါင်းရိုက်ချက် ၂၁၀ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

နိုင်နိုင်လင်း(Point)နှင့် ကျော်စွာလင်း (Srixon)တို့က သုံးရက်ပေါင်းရိုက်ချက် ၂၁၉ ချက်စီဖြင့် ဒုတိယလိုက်ကြပြီး စိုးကျော်နိုင် (Srixon) က သုံးရက်ပေါင်းရိုက်ချက် ၂၂၀ဖြင့် တတိယလိုက်နေသည်။

အမျိုးသားအပျော်တမ်း

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် အောင်ဝင်း(သစ်တော)ကပင် သုံးရက်ပေါင်းရိုက်ချက် ၂၁၇ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

နေဗလဝင်းမြင့်က သုံးရက်ပေါင်းရိုက်ချက် ၂၂၅ချက်ဖြင့် ဒုတိယလိုက်ပြီး တင်လင်းကိုက သုံးရက်ပေါင်းရိုက်ချက် ၂၂၈ ချက်ဖြင့် တတိယလိုက်နေသည်။

ပံ့ပိုးကူညီ

အဆိုပါပြိုင်ပွဲကို မြန်မာဂေါက်သီးအကျော်အမော်များပေါ်ထွက်လာရေးအတွက် ရည်ရွယ်၍ Main Sponsor အဖြစ် Future Engineering Group၊ Moe & More Co., Ltd. နှင့် Cherry Yoma Co., Ltd. တို့က အဓိကကူညီပံ့ပိုးကြပြီး Co-Sponsor အဖြစ် International Beverages Trading Co., Ltd . ကထပ်မံ၍ ပံ့ပိုးကူညီကာ ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငါးသိုင်းချောင်းအသင်း အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ငါးသိုင်းချောင်းအသင်း(ရန်ကုန်)၏ ဒုတိယအကြိမ် သင်းလုံးကျွတ်အစည်းအဝေးကို ဖေဖော်ဝါရီ၁၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီတွင် အသင်းတိုက်တည်ရှိရာ အမှတ်၁၃၆(ပ)ထပ်(လယ်) ဗားကရာလမ်း စမ်းချောင်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းသားများနှင့် ငါးသိုင်းချောင်းနယ်သူ၊ နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေ တက်ရောက်ကြရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

Myanmar Golf Tour 2008-2009
IBTC Open Golf Championships
ဂေါက်သီးရိုက်ပြိုင်ပွဲ အေးသာယာဂေါက်ကွင်း၌ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar PGA တို့က ကြီးမှူး၍ International Beverages Trading Co., Ltd. က အဓိကကူညီပံ့ပိုးသော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် IBTC Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ၏ တတိယပွဲစဉ်ဖြစ်သော တောင်ကြီးပွဲစဉ်ကို ဇန်နဝါရီ ၂၆ရက်မှ ၂၉ရက်အထိ ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ရှိ အေးသာယာဂေါက်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲတွင် Professional အဆင့်နှင့် အပျော်တမ်းအဆင့်(Handicap O-12) အဆင့်ရှိသူများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုသည်။

အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး ဥပဒေသအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် Hole-in-One ဆုရရှိသူများအား သက်ဆိုင်ရာ ကျင်းများအလိုက် Sponsor များက ဆုများကို ချီးမြှင့်ကြမည်ဖြစ်သည်။

စာရင်းပေးသွင်း

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် ဇန်နဝါရီ ၂၄ရက် မွန်းလွဲ ၂နာရီ နောက်ဆုံးထား၍ မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း ၉မိုင် ဖုန်း-၀၁-၆၅၁၃၇၄၊ ၀၉-၂၀-၃၇၆၇၁ နှင့် အေးသာယာဂေါက်ကွင်းတို့၌ အမည်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၁-၂၀၀၉ ရက် (ကြာသပတေးနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**နောင်အခါ ဇာတိမလာရေး ကံပေါ်ဉာဏ်မြင့်ပေး** တရားတော် (ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်း ဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၇း၅၅-၁း၅၅	Activities in the City (မြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ)
၈း၁၅-၂း၁၅	ပြည်တွင်းအနုပညာရေးရာ
၈း၄၀-၂း၄၀	တေးဂီတအစီအစဉ်
၈း၄၅-၂း၄၅	**အဆုံးအဖြတ်** ခန့်စည်သူ၊အေးမြတ်သူ၊ ၄က်ပျောကြော်၊မျိုးမျိုးခိုင်၊ ကျော်၄က်၊ သိန်းဇံ) (ဒါရိုက်တာ ဖုန်းမြင့်အောင်)
၉း၀၀-၃း၀၀	အေးမိသားစု လီမိတက်၏ ဆောက်လုပ်ရေးနှင့် Pro-1 Taxi Meter
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	တေးဂီတအစီအစဉ်
၉း၃၀-၃း၃၀	Internet Directory Diamond Internet
၉း၄၅-၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀-၃း၅၀	အလင်းဖြင့်ဆေးခြယ်သူ
၁၀း၁၅-၄း၁	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀-၄း၂၀	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၀း၄၀-၄း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅-၄း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅-၄း၅၅	စက်မှု(၁)၏ စွမ်းပကား ကျန်းမာရေးအတွက် အလေးထား (အင်ရောင်းဆေးဝါးစက်ရုံ)
၁၁း၂၀-၅း၂၀	ရင်ခုန်စွန့်စား အပန်းဖြေခြင်းများ
၁၁း၄၅-၅း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀-၅း၅၀	ဂီတသံစဉ်အလှဆင် ချိုပြုံး
၁၂း၀၅-၆း၀၅	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (Designer Boak Boak နှင့် တွေ့ဆုံခြင်း)
၁၂း၂၅-၆း၂၅	အဝလွန်ခြင်းပြဿနာနှင့် ကိုယ်အလေးချိန် ထိန်းသိမ်းခြင်း နည်းလမ်းများ
၁၂း၄၀-၆း၄၀	တေးဂီတအစီအစဉ်
၁၂း၄၅-၆း၄၅	Yangon Panorama [Alpine Music Tour 2009]
၁း၀၀ -၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာ့ရုပ်မြင်သံကြား

၂၂-၁-၂၀၀၉ ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။ နံနက်ခင်းသတင်း
၇း၄၀	၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၅။ အကပဒေသာ
၈း၀၀	၆။ **မျှော်သူမဓမောစချင်** စိုးသီဟ၊ဆုပန်ထွာ၊ နန်းကလျာလှိုင် (ဒါရိုက်တာ-စောစန္ဒာလှိုင်)
၈း၁၅	၇။ အတီးပြိုင်ပွဲ
၈း၃၀	၈။ International News
၈း၄၅	၉။ တေးဂီတအစီအစဉ်

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး စစ်သည်တေး
၄း၁၀	၂။ အဆိုပြိုင်ပွဲ
၄း၂၀	၃။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၄း၃၀	၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄း၄၀	၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(မြန်မာစာအထူးပြု) (မြန်မာစာ)
၄း၅၅	၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၀	၇။ တေးဂီတအစီအစဉ်
၅း၁၀	၈။ **ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ** လွင်မိုး၊ မင်းမော်ကွန်း၊ ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ လှအဥ္စလီတင့်၊ ကြည်လဲ့လဲ့ဦး၊ ဌမ်းပို
၅း၃၀	၉။ တေးဂီတအစီအစဉ်
၅း၄၅	၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၀၀	၁၁။ ညနေခင်းသတင်း
၆း၃၀	၁၂။ မိုးလေဝသအခြေအနေ
၆း၃၅	၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၆း၅၅	၁၄။ တေးဂီတအစီအစဉ်
၇း၁၅	၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မုန်တိုင်း**(အပိုင်း-၄၅)
၈း၀၀	၁၆။ ပြည်တွင်းသတင်း ၁၇။ နိုင်ငံတကာသတင်းများ ၁၈။ မိုးလေဝသအခြေအနေ ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပင်လယ်ပျော်မင်းသား** (အပိုင်း-၆၅)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၉ ခုနှစ် ဇန်နဝါရီလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၂၅-၁-၂၀၀၉) ရက်နေ့

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလအတွက်

(၈-၂-၂၀၀၉)ရက်နေ့ နှင့်

(၂၂-၂-၂၀၀၉)ရက်နေ့။

ဒီဇင်ဘာ ၁၁ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် ဝမ်ကောင်း-ပင်းတောက်ကျေးလက် မြေသားလမ်းဖောက်လုပ်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ပြည်နယ်/စည်ပင်)

မြောက်ဦးမြို့နယ် မြက်ရိတ်ကျွန်းတစ်ဖက်ကမ်း လေးမြို့မြစ်ကမ်းနံဘေးရှိ ဆောင်းသီးနှံစိုက်ခင်းများ

သတင်းခရီးသည်
သတင်းထောက်စဥ့်ကူစိုးဝင်း
ဓာတ်ပုံမှတ်တမ်း
တင်စိုး (မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု
ဝင်းချို (မြန်မာ့အလင်း)

စစ်တွေ ဇန်နဝါရီ ၂၁

မြန်မာ့အလင်းသတင်းအဖွဲ့သည် မြောက်ဦးမြို့နယ်သို့ရောက်ပြီး နောက်တစ်နေ့နံနက်တွင် စစ်တွေမြို့မှ လိုက်ပါလာကြသည့် ဦးစီးအရာရှိ ဦးခင်မောင်ထွေး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်လှိုင်၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးနိုင်မင်းလှိုင်တို့နှင့်အတူ ဆိုင်ကယ်များဖြင့် မြက်ရိတ်ကျွန်း ကျေးရွာအုပ်စုရှိ လေးမြို့မြစ်ကမ်းနံဘေး ဆောင်းသီးနှံစိုက်ပျိုးထားမှုနှင့် အဝီစိရေတွင်းမှ ခြေနင်းစက်ဖြင့် ရေစုပ်ယူကာ ဆောင်းသီးနှံစိုက်ပျိုးမှုကို သွားရောက်လေ့လာခဲ့ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❍

အောင်မြင်ကျော်ကြား တောင်ကိုရီးယား ကြယ်ပွင့်များ

ပြည်ပအနုပညာသတင်း - မိုးမြင့်လင်းလက် စာမျက်နှာဖွဲ့စည်းမှု - တိုးလွင် (မြန်မာ့အလင်း)

ဆိုးလ် ဇန်နဝါရီ ၂၁

ကမ္ဘာ့ရုပ်ရှင်ပရိသတ်တွေ အထူးနှစ်သက်သဘောကျပြီး အားပေးခြင်းခံရတဲ့ တောင်ကိုရီးယား ရုပ်ရှင်သရုပ်ဆောင်တွေဟာ သူတို့ရဲ့ အောင်မြင်မှုတွေအတွက် အမြဲတမ်း ကြိုးစားအားထုတ်သူတွေဖြစ်တာမို့ ပရိသတ်တွေရဲ့အားပေးမှုကို တစ်ခဲနက် ခံယူနိုင်ကြသူတွေ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ အောင်မြင်မှုရရှိနေတဲ့ တောင်ကိုရီးယား ရုပ်ရှင်သရုပ်ဆောင်အချို့ကို ဖော်ပြရမယ်ဆိုရင် -

၂၀၀၉ခုနှစ်အတွက် အာရှမှာ ပရိသတ် အကြိုက်ဆုံးဖြစ်လာတဲ့ ရုပ်ရှင် သရုပ်ဆောင်ကတော့ ဒါရိုက်တာရင်လို့ခေါ်တဲ့ ဂျန် ဒေါင်ဂန်ပဲဖြစ်ပါတယ်။ဒါရိုက်တာရင်ဟာ ၁၉၇၂ခုနှစ် မတ် ၇ရက်မှာ မွေးဖွားခဲ့တာဖြစ်လို့ အခုဆိုရင် အသက် ၃၇နှစ်ရှိပြီဖြစ်တဲ့ သရုပ်ဆောင်တစ်ဦး ဖြစ်ပါတယ်။

အာရှတွင် နာမည်အကြီးဆုံး ဒါရိုက်တာရင်။

ပရိသတ် အကြိုက်ဆုံး ရှင်ဒေါင်ဟန့်။

သရုပ်ဆောင်

ဒါရိုက်တာရင်ဟာ အခုဆိုရင် တရုတ်နိုင်ငံက ဒါရိုက်တာ ချန်ကိုင်ဂီ ရိုက်ကူးမယ့် ရုပ်ရှင်ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်မှာ ဖြစ်ပါတယ်။ အဲဒီ ရုပ်ရှင်ဇာတ်ကား **"တိုင်ဖွန်း"** ဟာ ဝင်ငွေ စံချိန်တင်မယ့် ရုပ်ရှင်ဇာတ်ကား ဖြစ်လာနိုင်ဖို့ရှိနေပြီး နိုင်ငံတကာမှာ လက်မှတ် အများအပြား ရောင်းချနိုင်မယ့်အခြေအနေ ရှိပါတယ်။ ဒါ့အပြင် တောင်ကိုရီးယားမှာရော အခြား အာရှနိုင်ငံတွေမှာရှိတဲ့ ရုပ်ရှင်ပရိသတ်တွေကို စစ်တမ်းကောက်ယူမှုအရ အာရှပရိသတ်ရဲ့ ၇၅ ရာခိုင်နှုန်းဟာ ဒါရိုက်တာရင်ကို နှစ်သက်အားပေးကြတယ်လို့ဆိုပါတယ်။

စီစဥ်ထား

ဒါရိုက်တာရင်ဟာ ဂျပန်နိုင်ငံကိုလည်း အနုပညာအတွက်ရော စီးပွားရေး လုပ်ငန်းအတွက်ပါ ဇန်နဝါရီ နောက်ဆုံးပတ်မှာ ဂျပန်ကို သွားဖို့ စီစဥ်ထားပါတယ်။

ဇာတ်လမ်းတွဲ

တောင်ကိုရီးယား သရုပ်ဆောင်တွေထဲမှာ တစ်ရှိန်ထိုး နာမည်ကြီးလာတဲ့ အမျိုးသား သရုပ်ဆောင်တစ်ဦးကတော့ ပက်ရှန်ယန်ပဲဖြစ်ပါတယ်။ တောင်ကိုရီးယား ဇာတ်လမ်းတွဲဖြစ်တဲ့ **"မောင်နဲ့သာ ဆိုရင်"**မှာ ပါဝင်သရုပ်ဆောင်ထားပြီး လက်ရှိအချိန်မှာ ရုပ်မြင်သံကြားဇာတ်လမ်းတွဲ အသစ်တစ်ခု ရိုက်ကူးဖို့ ရှိနေပါတယ်။

ပက်ရှန်ယန် ရိုက်ကူးမယ့် ရုပ်မြင်သံကြား ဇာတ်လမ်းတွဲကတော့ **"Painter of the wind"** ဖြစ်ပြီး သူ့အနေနဲ့ ရရှိလာတဲ့ ငွေကြေးတွေကို ဒေါင်ဂွတ်တက္ကသိုလ်ရဲ့ ရုပ်ရှင်ပညာဘွဲ့ သင်ယူမယ့် ကျောင်းသားတွေအတွက် ပညာသင်ဆုအဖြစ် ထောက်ပံ့ပေးသွားမယ်လို့ ဆိုပါတယ်။ ပက်ရှန်ယန်ဟာ အာရှနိုင်ငံတွေမှာ ပရိသတ်အားပေးမှု အထူးရရှိနေတဲ့ သရုပ်ဆောင်တစ်ဦး ဖြစ်လာပါတယ်။

ဘေယောင်ဂျွန်

နောက်ထပ် နာမည်ကြီးနေတဲ့ တောင်ကိုရီးယား ရုပ်ရှင်သရုပ်ဆောင် တစ်ဦးကတော့ ဘေယောင်ဂျွန်(ရှင်ဒေါင်ဟန့်)ပဲဖြစ်ပါတယ်။ တောင်ကိုရီးယားမှာတော့ ၂၀၀၉ ခုနှစ် ဇန်နဝါရီလအတွက် ပရိသတ်အကြိုက်ဆုံး သရုပ်ဆောင်အဖြစ် သတ်မှတ်ခြင်း ခံရသူပါပဲ။

စာမျက်နှာ ၇ ကော်လံ ၁ ●

အလင်းပြန်သော အဆောက်အအုံနှင့် နေအလင်းတန်းများ သတ္တဝါမျိုးစိတ်များအား ပျက်စီးထိခိုက်နိုင်ဟုဆို

ဘာသာပြန် သတင်းမှတ်စု - မောင်မောင်မြင့်ဆွေ
စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး (မြန်မာ့အလင်း)

သဘာဝ အလင်းတန်းများနှင့် လူတို့ကြောင့် ဖြစ်ပေါ်လာသော ရောင်ပြန် အလင်းတန်းများကို တိုက်ရိုက် ထိတွေ့မှုသည် သတ္တဝါမျိုးစိတ်များအား အန္တရာယ်ရှိသော အကျိုးသက်ရောက်မှု ဖြစ်ပေါ်စေနိုင်ကြောင်း သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။

ဖြစ်ပေါ်စေ

ထိုသို့သော အလင်းတန်းများကြောင့် သတ္တဝါမျိုးစိတ် အများအပြားတို့၏ မူလသဘာဝ အနေအထားကို ပြောင်းလဲမှုများ ဖြစ်ပေါ်စေနိုင်ကြောင်း သိရသည်။ လူတို့ကြောင့် ဖြစ်ပေါ်လာသည့် အလင်းတန်းများအနက် မော်တော်ကားလမ်းမကြီးများ၏ အလင်းရောင်ပြန်မှု၊ မှန်များဖြင့် တည်ဆောက်ထားသော အဆောက်အအုံများမှ အလင်းပြန်မှုများမှာ လူတို့ကြောင့်ဖြစ်ပေါ်လာသည့် အဓိက အလင်းတန်းများဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၆ ■

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်

မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ ထမင်း/ဟင်း ချက်ပြုတ်ခြင်းမပြုရန်၊

(ခ) မီးဖိုသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်၊

(ဂ) မီးသည်သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ မပေါ့ဆ အထူးသတိပြု သုံးစွဲရန်။

မီးသတ်ဦးစီးဌာန

ဟိမဝန္တာတောင်တန်းနှင့် တိဗက်ကုန်းပြင်မြင့် အာရှရာသီဥတုအပေါ် အကျိုးသက်ရောက်မှုရှိ

သတင်းအက်ဆေး - အောင်သုတရေးသားသည်



ကမ္ဘာပေါ်ရှိ တိုက်ကြီးများအနက် အကြီးဆုံးတိုက်ကြီးဖြစ်သော အာရှတိုက်တွင် ကမ္ဘာ့အကြီးဆုံး ဟိမဝန္တာ တောင်တန်းကြီး (Himalaya Range) တည်ရှိသည်။ ပါမီယာတောင်ထုံး (Pamir Knot) မှ အရှေ့ဘက်သို့ ဖြာထွက်သွားသော အဓိကတောင်တန်းကြီး လေးသွယ်အနက် တောင်ဘက်အကျဆုံးတောင်တန်းမှာ ဟိမဝန္တာ တောင်တန်းကြီး ဖြစ်သည်။

ဟိမဝန္တာတောင်တန်းကြီးတွင် ကမ္ဘာ့အမြင့်ဆုံးတောင်ထွတ်ဖြစ်သည့် ဧဝရက်တောင် (Everest) ရှိသည်။ ၂၉၀၂၈ ပေရှိ ဧဝရက်တောင်နည်းတူ မြင့်မြင့်မားမား ကြွားကြွားဝင့်ဝင့်တည်ရှိသော ပေ ၂၅၀၀၀ အထက် တောင်ထွတ်များမှာ ကန်ချန်ယွန်ဂါ (Kanchenjunga)၊ နန်ဂါပါဘက်(Nanga Parbat)၊ အင်နာပူရ်နာ (Annapurna) နှင့် နန္ဒာဒေဝီ (Nanda Devi) တို့ဖြစ်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၆ ❒